


အစီရင်ခံစာ

# စီးပွားရေးတံခါးဖွင့်ခြင်း လား

## မြန်မာကြေး နီစီမံကိန်းမှ လုပ်ငန်းကြီးများ၏ ရာဇဝတ်မှုများ နှင့် ချိုးဖောက်မှုများ

AMNESTY INTERNATIONAL

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့သည် ကမ္ဘာ့လူသားတိုင်း လူ့အခွင့်အရေး ရရှိခံစားနိုင်ရန် ကမ္ဘာတဝန်းကြိုးပမ်းလှုံ့ဆော်နေသည့် လူပေါင်း ၇ သန်းကျော် ပါဝင်သော အဖွဲ့ ဖြစ်သည်။

ကျွန်ုပ်တို့၏ မျှော်မှန်းချက်မှာ လူသားတိုင်း ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ကြေငြာစာတန်းပါအခွင့်အရေးများနှင့် အခြားသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများကို ရရှိခံစားနိုင်စေရန် ဖြစ်သည်။

ကျွန်ုပ်တို့သည် အစိုးရ၊ နိုင်ငံရေးအယူဝါဒ၊ စီးပွားရေးအကျိုးအမြတ်နှင့် ဘာသာရေး တို့မှ ကင်းလွတ်သောအဖွဲ့တစ်ခု ဖြစ်ပြီး အဓိကရန်ပုံငွေအဖြစ် အဖွဲ့ဝင်ကြေးနှင့် လှူဒါန်းငွေများဖြင့် ရပ်တည်နေသော အဖွဲ့ဖြစ်သည်။

AMNESTY INTERNATIONAL

ပထမအကြိမ် - ၂၀၁၅
Amnesty International Ltd
Peter Benenson House
1 Easton Street
London WC1X 0DW
United Kingdom

မူပိုင် - အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့ ၂၀၁၅
Index: ASA 16/004/2015
မူရင်း - အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေ သည်။
ပုံနှိပ်သူ - အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့၊ အပြည်ပြည်ဆိုင်ရာ အတွင်းရေးမှူးရုံး၊ ယူကေ နိုင်ငံ (UK)
ကန့်သတ်- ဤအစီရင်ခံစာကို မူပိုင်ခွင့်အရ ကန့်သတ်ထားပါသည်။ သို့သော် လှုံ့ဆော်မှု၊ အသိပေးမှု၊ သင်ကြားပေးမှုများအတွက် ပြန်လည်ဖြန့်ဝေနိုင်ပါသည်။ ရောင်းချခြင်းကိုမူ ခွင့်မပြုပါ။ အစီရင်ခံစာ၏ ထိရောက်ပြန့်နှံ့မှုကို အကဲဖြတ်နိုင်ရန် ပြန်လည်ဖြန့်ဝေလိုသူများသည် မူပိုင်ခွင့် ပိုင်ရှင်များကို ဆက်သွယ် အသိပေး စေလိုပါသည်။ အခြားကိစ္စများအတွက် အသုံးပြုလိုခြင်း၊ အခြားပုံနှိပ်ထုတ်ဝေမှု များတွင် ပြန်လည်ထည့်သွင်းလိုခြင်း၊ ဘာသာပြန်ဆိုခြင်း၊ မိုဒြမ်းသုံးစွဲခြင်းများ အတွက် မူရင်းထုတ်ဝေသူများထံမှ စာဖြင့်ခွင့်ပြုချက် ကြိုတင်ရယူရန်လိုအပ်ပြီး အခကြေးငွေ ပေးကောင်းပေးရနိုင်ပါသည်။ ခွင့်ပြုချက်တောင်းခံလိုလျှင်ဖြစ်စေ၊ အခြားမေးမြန်းလိုသည်များ ရှိလျှင်ဖြစ်စေ copyright@amnesty.org ကို ဆက်သွယ်ပါရန်။

၂၀၁၄ ဒီဇင်ဘာ ၂၂ ရ ်နေ့ မြန်မာနိုင်ငံအလယ်ပိုင်း မုံရွာမြို့အနီးရှိ လ ်ပံတောင်းေ ြနီစီမံ ိ န်း ိ ဆန္ဒပြနေသော တောင်သူများနှင့် ရဲများ ထိပ်တို ်ရင်ဆိုင်နေစဉ်၊ ဤနေ့မှာပင် ဆန္ဒပြနေသူတစ်ဦး ရဲများ၏ ပစ်သတ်ခြင်း ိ ခံရသည်။ သတ္တုတွင်းအတွ ် ၎င်းတို့၏ မြေနေရာများမှ အတင်းအဓမ္မဖယ်ရှားခံရမှု ိ ဒေသခံများ နှ ်နေခြင်းဖြစ်သည်။

ဓာတ်ပုံ၊ အေပီ
© AP photo

www.amnesty.org

**အစီရင်ခံစာအနှစ်ချုပ်**

**နောက်ခံအကြောင်း**

မြန်မာနိုင်ငံတွင် အရပ်သား အစိုးရတက်လာသော၂၀၁၁ ရွေးကောက်ပွဲနှင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကြေငြာခဲ့သော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများစွာ၏ အကျိုးဆက်ဖြစ် ၂၀၁၂ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအပေါ် ချမှတ်ထားသော အနောက်နိုင်ငံများ၏ စီးပွားရေးပိတ်ဆို့အရေးယူမှုများကို တော်တော်များများ လျှော့ချပေးခဲ့ရာမှ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ရန် လမ်းပွင့်သွားခဲ့ သည်။

မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့သိုက်များ များစွာရှိပြီး၊ တွင်းထွက် သယံဇာတများ၊ အဖိုးတန် ကျောက်မျက်များ မြောက်များစွာ ကြွယ်ဝသောနိုင်ငံ တစ်ခုဖြစ်ပါသည်။ သို့သော်နိုင်ငံ၏ တွင်းထွက် ထုတ်ယူရေးလုပ်ငန်းများမှာ ရင်းနှီးမြှုပ်နှံမှု အားနည်းခြင်းနှင့် ခေတ်မီနည်းပညာ မရှိခြင်းတို့ကြောင့် ဖွံ့ဖြိုးမှုနောင့်နှေးခဲ့သည်။ ယခုမူ နိုင်ငံတကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်ရေး ကုမ္ပဏီများ ပိုမိုဝင်ရောက်လာသောကြောင့် ထိုအခြေအနေမှာ ပြောင်းလဲ လာတော့မည်ဖြစ်သည်။

တွင်းထွက်ထုတ်ယူရေးကဏ္ဍ အတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများသည် မြန်မာနိုင်ငံသို့လူမှုရေးနှင့် စီးပွားရေး အကျိုးအမြတ်များ သယ်ဆောင်လာမည့် အလားအလာများရှိပါသည်။ သို့သော် ထိုတွင်းထွက်ထုတ်ယူရေး လုပ်ငန်းများသည်ပင်လျှင် လူ့အခွင့်အရေး အတွက် သတိထားစရာ ဖြစ်လာခဲ့ပါသည်။ အထူးသဖြင့် ထိုတွင်းထွက်ထုတ်ယူရေး လုပ်ငန်းများသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မြေယာသိမ်းပိုက်ခြင်း၊ အန္တရာယ်ဖြစ်စေတတ်ပြီး သတိကြီးစွာထား၍ စီမံကွပ်ကဲရန်လိုအပ်သည့် လုပ်ငန်းထွက် စွန့်ပစ်ပစ္စည်းများ စွန့်ထုတ်ခြင်းတို့ကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင်းနှင့် ပြည်ပမှ လူ့အခွင့်အရေး ဆော်ဩရေးသမားများက တွင်းထွက် ထုတ်ယူရေးကြောင့် သက်ရောက်မှုတွေ ခံရမည့် လူ့အသိုင်းအဝိုင်းကို ကာကွယ်ရန်နဲ့ ၎င်းလုပ်ငန်းများမှ ရလာသည့် ဝင်ငွေကို အခွင့်ထူးခံလူတန်းစား တစု အတွက်သာ မဟုတ်ဘဲ လူထုတစ်ရပ်လုံးရဲ့ အကျိုးစီးပွားအတွက် သုံးစွဲဖို့ဆိုသော အခြေခံကျသည့် ကာကွယ်ရေး အချက်များ မရှိသေးသည့် အပေါ်စိုးရိမ်နေကြပါသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ စီးပွားရေးကို စစ်တပ်၏ အကျိုးစီးပွားနှင့် ခရိုနီဟုခေါ်သော အစိုးရနှင့်နီးစပ်သည့် သူတွေက လွှမ်းမိုးနေဆဲ ဖြစ်ပါသည်။ တိုင်းပြည်စီးပွားရေးတွင် စစ်တပ်၏ ပါဝင်ပတ်သက်မှုအပေါ် ပြုပြင်ပြောင်းလဲမှုကို လေးလေးနက်နက်မလုပ်နိုင်သေးပေ။ စီးပွားရေးမှာ စစ်တပ်က ထဲထဲဝင်ဝင်ပတ်သက် နေမှုတွေ ကလည်း သက်တမ်းရှည်ကြာလှပြီ ဖြစ်သည်။ မြန်မာစစ်အစိုးရ အဆက်ဆက်သည် ဆယ်စုနှစ်ပေါင်းများစွာ ချီပြီး စစ်တပ်ပိုင် မြန်မာစီးပွားရေးဦးပိုင် ကုမ္ပဏီ လီမီတက်၊ ခရိုနီခေါ် အထက်တန်းလွှာ အခွင့်ထူးခံလူတန်းစား တစ်စုပိုင် လုပ်ငန်းများ အပါအဝင် စစ်တပ်နှင့်ပတ်သက်မှု ရှိသည့် လုပ်ငန်းများသို့ ၎င်းတို့၏အကျိုးအတွက် စီးပွားရေး အခွင့်အရေးများ ဦးစားပေး လမ်းဖွင့်ခဲ့သည်။

မြန်မာနိုင်ငံအတွင်း လုပ်ငန်းလုပ်ကိုင်နေကြသော နိုင်ငံခြားကော်ပိုရေးရှင်းများအတွက် အကျိုးရလဒ်ရော စွန့်စားမှုပါ ကြီးမားပါသည်။ မြန်မာနိုင်ငံတွင်းလာရောက် ရင်းနှီးမြှုပ်နှံမှုများသည် သဘာဝသယံဇာတ ပေါများကြွယ်ဝသော အခြားနိုင်ငံများတွင် ဖြစ်ပွားခဲ့ဖူးသလို လူ့အခွင့်အရေး ချိုးဖောက်မှုများ သို့မဟုတ် တိုင်းပြည်၏ ကြွယ်ဝမှုကို ခိုးယူမှုများ မဖြစ်စေရန် ထိုကော်ပိုရေးရှင်းများနှင့် သူတို့၏ သက်ဆိုင်ရာဌာနေ အစိုးရများတွင် တာဝန်ရှိကြပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AmnestyInternational) သည်မြန်မာနိုင်ငံရှိ အဓိက သတ္တုထုတ် လုပ်ရေး လုပ်ငန်းကြီး ဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး စပါယ်တောင်၊ ကြေးစင်တောင်၊ လက်ပံတောင်း ကြေးနီ သတ္တုမိုင်းများ အပါအဝင်ဖြစ်သော မုံရွာကြေးနီစီမံကိန်း၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ဆန်းစစ် လေ့လာခဲ့ပါသည်။ စီမံကိန်းကို ၁၉၈၀နှစ်များတွင် စပါယ်တောင်နှင့် ကြေးစင်တောင်မိုင်းများမှ စတင်လည်ပတ်ခဲ့ပြီး ယခုအချိန်အထိ ပြည်ပနှင့်ပြည်တွင်းကုမ္ပဏီ အမျိုးမျိုးက ပါဝင်လုပ်ကိုင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ၏ တစ်နှစ်တာကျယ်ကျယ်ပြန့်ပြန့် စုံစမ်းစစ်ဆေးမှုများတွင် မုံရွာစီမံကိန်းနှင့်

စပ်ဆိုင်သောဖြစ်ရပ်များကို အဓိကထားလေ့လာရင်း မြေယာများ ရယူရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများအတွက် ဥပဒေမူဘောင်တစ်ခု သတ်မှတ်ရေးကိစ္စကဲ့သို့ မြန်မာနိုင်ငံတွင်းရှိ အခြား တွင်းထွက်တူးဖော်ရေး လုပ်ငန်းများနှင့်ပါ ဆက်စပ်လျှက်ရှိသော ပိုမိုကျယ်ပြန့်သည့် စနစ် စည်းဘောင်ဆိုင်ရာ ကိစ္စများကိုလည်း လေ့လာခဲ့သည်။

မုံရွာကြေးနီစီမံကိန်းသည် စီမံကိန်းစတင်ခဲ့ချိန်မှစ၍ ပိုင်ရှင်အဆက်ဆက် ပြောင်းလဲခဲ့သည့် ကာလတလျှောက်လုံး လူ့အခွင့်အရေးကို ဆိုးဆိုးဝါးဝါး ချိုးဖောက်မှုများနှင့် ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းများ ရှိခဲ့သည်။ အစိုးရက ထောင်နဲ့ချီတဲ့လူတွေကို သူတို့နေရာဒေသက အဓမ္မဖယ်ရှားခဲ့ပြီး ထိုကဲ့သို့ လုပ်သည်ကို နိုင်ငံခြားကုမ္ပဏီတွေက သိရှိသလို တခါတလေ သူတို့ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်းမျိုး ရှိခဲ့ပါသည်။ ဒေသခံတွေ၏ သက်မွေးဝမ်းကျောင်းနှင့် ကျန်းမာရေးကို ရေရှည်ထိခိုက်မှုတွေ ဖြစ်လာစေနိုင်သည့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုတွေကိုလည်း လေ့လာအကဲဖြတ်မှုလုပ်ရာမှာ အားနည်းပြီး စီမံခန့်ခွဲမှုတွေလည်း ထိထိရောက်ရောက်လုပ်ခြင်းမျိုးမရှိပေ။ ဒေသခံတွေ၏ ဆန္ဒပြမှုများကိုလည်း ရဲတပ်ဖွဲ့က အင်အားအလွန်အကျွံသုံးပြီး နှိမ်နင်းခဲ့သည်ကို တွေ့ရှိရပါသည်။ ၂၀၁၂ ခုနှစ်တွင် ရဲတပ်ဖွဲ့သည် နိုင်ငံတကာ ဥပဒေကိုချိုးဖောက်ပြီး ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို မီးလောင်လွယ်သည့် မီးစုန်းအဖြူပါသည့် ပုံးလက်နက်နှင့် ပစ်ခတ်ခဲ့သဖြင့် လူအများ ဆိုးဆိုးဝါးဝါး ဒဏ်ရာရ သွားခဲ့ကြပါသည်။ ဤသို့တိုက်ခိုက်မှု တချို့ကို တရုတ်ဝမ်ပေါင်သတ္တုတူးဖော်ကုမ္ပဏီ၏ ရုံးခွဲအတွင်းမှ ပြုလုပ်ခဲ့ကြောင်းလည်း တွေ့ခဲ့ရပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အသေးစိတ်တွေ့ရှိချက်များကို ***စီးပွားရေးတံခါးဖွင့်ထားသလား၊ မြန်မာကြေးနီစီမံကိန်းတွင် စီးပွားရေးလုပ်ငန်းကြီးများ ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ*** အစီရင်ခံစာတွင် တင်ပြထားပါသည် Index: ASA 16/003/2015။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ တွေ့ရှိချက်များအပေါ် ကုမ္ပဏီများ၏ ပြန်ကြားချက်များအပါအဝင် အစီရင်ခံစာကို ဤနေရာတွင်ရယူနိုင်ပါသည်။
www.amnesty.org/en/library/info/ASA16/003/2015

## မုံရွာသတ္တုမိုင်း

မြန်မာနိုင်ငံအလယ်ပိုင်း မုံရွာဒေသရှိ တောင်များတွင် ကြေးနီသတ္တုများ အများအပြား စုဝေး တည်ရှိလျက် ရှိသည်။ ထိုကြေးနီသတ္တုများကို တစ်ခုနှင့်တစ်ခု ဆက်စပ်နေသော သတ္တုတူးဖော်ရေးစီမံကိန်း နှစ်ခုဖြင့် ထုတ်ယူလျက် ရှိသည်။ တစ်ခုမှာ စပယ်တောင်နှင့်ကြေးစင်တောင် သတ္တုတူးဖော်ရေးဖြစ်ပြီး နောက်တစ်ခုမှာ လက်ရှိတည်ဆောက် လုပ်ကိုင်နေသော လက်ပံတောင်း သတ္တုမိုင်းဖြစ်ပါသည်။ ၁၉၇၈ခုနှစ်တွင် မြန်မာအစိုးရ၏ အမှတ် (၁) သတ္တုတွင်းဌာန (ME1)မှ စပါယ်တောင်နှင့်ကြေးစင်တောင် သတ္တုသိုက်များကို စတင်တူးဖော်ခဲ့သည်။ ၁၉၉၆ခုနှစ်တွင် ထိုစီမံကိန်းကို အမှတ် (၁) သတ္တုတွင်း ဌာန နှင့် ကနေဒါနိုင်ငံ အိုင်ဗင်ဟိုးသတ္တုတူးဖော်ရေး လီမီတက်၏ ကုမ္ပဏီခွဲ အိုင်ဗင်ဟိုးမြန်မာ ဦးပိုင် လီမီတက်တို့ ဖက်စပ်လုပ်ကိုင်ခဲ့သည်။(ယခုအခါ ထို အိုင်ဗင်ဟိုးသတ္တုမိုင်းကို Turquoise Hill Resources ဟု အမည်ပြောင်းလဲ ထားသည်)။ ၅၀ရာခိုင်နှုန်း အကျိုးတူဖြင့် လုပ်ကိုင်နေသော ထိုဖက်စပ်လုပ်ငန်းကို မြန်မာအိုင်ဗင်ဟိုး ကြေးနီတူးဖော်ရေး ကုမ္ပဏီလီမီတက် (MICCL) အမည်ဖြင့် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည်။ MICCL သည် စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းကို တူးဖော်ထုတ်လုပ်ခဲ့ပြီး ကြေးနီရိုင်းကို ကက်သုတ်ကြေးနီ သတ္တုစင်များ အဖြစ် ပြောင်းလဲ ထုတ်လုပ်သော စက်ရုံကိုလည်း တည်ဆောက်ခဲ့သည်။ ထိုစက်ရုံမှာ ၁၉၉၈ ခုနှစ် အကုန်တွင် အပြည့်အဝ စတင် လည်ပတ်ခဲ့သည်။ ၂၀၁၀-၂၀၁၁ တွင် ထိုမုံရွာ သတ္တုတူးဖော်ရေး စီမံကိန်းကို မြန်မာစီးပွားရေး ဦးပိုင်ကုမ္ပဏီလီမီတက် UMEHL နှင့် တရုတ်မြောက်ပိုင်း စက်မှုလုပ်ငန်းများ ကော်ပိုရေးရှင်း (NORINCO) ၏ လက်ခွဲ ဝမ်ပေါင်သတ္တုတူးဖော်ရေးလီမီတက် တို့က

လွှဲပြောင်းယူခဲ့သည်။ စပါယ်တောင်နှင့်ကြေးစင်တောင် သတ္တုမိုင်းအတွက် အက်ဆစ်များ ထုတ်ပေးရန် မြန်မာစီးပွားရေးဦးပိုင် ကုမ္ပဏီလီမိတက် UMEHLက ကံကုန်းရွာနှင့်ဘေးကပ်ရက်တွင် ဆာလ်ဖြူရစ်အက်ဆစ် စက်ရုံကို တည်ဆောက်ခဲ့ပြီး ၂၀၀၇တွင် စက်ရုံ စတင်လည်ပတ်ခဲ့သည်။

လက်ပံတောင်းသတ္တုမိုင်းမှာ ကြေးစင်တောင်နှင့်စပါယ်တောင် မိုင်းထက် နှစ်များစွာ နောက်ကျပြီး ၂၀၁၁ခုနှစ်မှ စတင်ခဲ့ခြင်း ဖြစ်ပါသည်။ လက်ပံတောင်းသတ္တုတွင်းကို မြန်မာစီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်နှင့် မြန်မာဝမ်ပေါင် ကြေးနီတူးဖေါ်ရေးလီမိတက် (မြန်မာဝမ်ပေါင်သည် ဝမ်ပေါင်သတ္တုကုမ္ပဏီ၏ တစ်ဦးတည်းပိုင် ကုမ္ပဏီခွဲ ဖြစ်သည်) တို့က ထုတ်လုပ်မှုခွဲဝေရယူရေး စာချုပ်ဖြင့် တူးဖော် လုပ်ကိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် လက်ပံတောင်း သတ္တုတွင်းမှ ထွက်ရှိသော တွင်းထွက်များ ခွဲဝေရေး ကန်ထရိုက်စာချုပ်ကို ပြင်ဆင်သတ်မှတ်ခဲ့သည်။ ထိုစာချုပ်အရ သတ္တုမိုင်း၏ အမြတ် ၅၁ရာခိုင်နှုန်းကို မြန်မာအစိုးရပိုင် သတ္တုတွင်းလုပ်ငန်း အမှတ် (၁) ME1 သို့ ပေးအပ်ရန်ဖြစ်သည်။

## လူထောင်သောင်းချီပြီး အတင်းအဓမ္မရွှေ့ပြောင်းခံရ

*"ကျွန်တော်တို့နိုင်ငံက ဒီမိုကရေစီဖြစ်ပြီဆိုတော့မြေယာတွေကို အခုလိုသိမ်းယူလို့ရမယ်လို့ မထင်ခဲ့ဘူး" – လက်ပံတောင်းသတ္တုမိုင်းအတွက် ကိုယ်ပိုင် ယာမြေမှ အဓမ္မဖယ်ရှားခံခဲ့ရသည့်အသက်၃၇နှစ်အရွယ် ရွာသားတစ်ဦး။*

စပါယ်တောင်နှင့်ကြေးစင်တောင် သတ္တုမိုင်းများ တူးဖော်ရေးအတွက် အစိုးရက ဒေသတွင်းရှိ ထောင်နှင့်ချီသော ဒေသခံတို့ကို ၎င်းတို့မြေယာများမှ အတင်းအကြပ်ဖယ်ရှားစေခဲ့သည်။ ကြိုတင်တိုင်ပင် ဆွေးနွေးခြင်းမရှိ၊ လုပ်ဆောင်သင့်သည်များ လုပ်ဆောင်ခြင်းမရှိ၊ နစ်နာကြေး ပေးခြင်း၊ ပြန်လည် နေရာ ချထားခြင်းနှင့် ဥပဒေကြောင်းအရ တုန့်ပြန်ဆောင်ရွက်ခွင့်တို့ မရလိုက်ဘဲ ဒေသခံတို့၏ အဓိက စားဝတ်နေရေး ရင်းမြစ်ဖြစ်သည့် လယ်ယာမြေကို လုပ်ကိုင်စားသောက်ခွင့်များ ဆုံးရှုံးခဲ့ရသည်။ ပထမဦးစွာ ၁၉၅၃ခုနှစ် လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ အရ ၁၉၉၆-၉၇ ခုနှစ်များတွင် ၎င်းမြေယာတို့ကို နိုင်ငံပိုင် ပြုလုပ်ခဲ့သည်။ ထို့နောက်အစိုးရ က ထိုနေရာသို့ကျူးကျော်ဝင်ရောက်မှုကို ကန့်သတ်သည့် ရာဇဝတ် ကျင့်ထုံးဆိုင်ရာ ပြဌာန်းချက်ကို အသုံးပြု၍ မလိုက်နာသူများကို ပြစ်ဒဏ်ချမှတ်အရေးယူခဲ့သည်။ ဖယ်ရှားခံရသောသူများကိုမူ မြေယာနစ်နာကြေး သို့မဟုတ် အစားထိုးမြေယာများပြန်ပေးခြင်းများ မရှိခဲ့ချေ။ ဒေသခံများနေဖြင့် အခြား ရွေးချယ်စရာနည်းလမ်း မရှိတော့ဘဲ ရှင်သန်ရပ်တည်ရေးအတွက် သူတပါးပိုင် မြေယာများတွင် လက်လုပ်လက်စားအလုပ်သမားများ အဖြစ် လုပ်ကိုင်စားသောက် ရလေသည်။

အဓမ္မ ရွှေ့ပြောင်းမှုများကို အစိုးရက ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ထိုလူ့အခွင့်အရေးချိုးဖောက်မှုများမှ အကျိုးအမြတ် ရရှိခံစားနေသည့် ကုမ္ပဏီများအနေဖြင့်လည်း တာဝန်ရှိမှုမှ လွတ်ကင်း သက်သာနိုင်မည် မဟုတ်ပေ။ ၁၉၉၆ ခုနှစ် အိုင်ဗင်ဟိုးသတ္တုတူးဖော်ရေး ကုမ္ပဏီ နှင့် မြန်မာ့ အမှတ်(၁)သတ္တုတွင်းဌာနတို့ ရေးထိုးခဲ့သည့် ဖက်စပ်လုပ်ငန်း သဘောတူညီချက်တွင် သတ္တုတွင်းများနှင့် စက်ရုံအတွက် လိုအပ်သော မြေနေရာ ရရှိနိုင်ရေးမှာ အမှတ်(၁)သတ္တုတွင်းဌာန၏ တာဝန်ဖြစ်သည်ဟု အတိအကျ ဖော်ပြထားသည်။ ထိုဒေသအတွင်းတွင် လူအများ နေထိုင်လျက်ရှိပြီး ဒေသခံတို့မှာ စားဝတ်နေရေးအတွက် ထိုမြေယာများအပေါ်တွင် အဓိကအားဖြင့် မှီခိုနေရသည်ကို အိုင်ဗင်ဟိုးကုမ္ပဏီအနေဖြင့် မသိရှိသည် မဟုတ်သော်လည်း ထိုမြေယာများကို ရယူသိမ်းပိုက်ရာ၌ အတင်းအဓမ္မ စေခိုင်းပြောင်းရွှေ့စေမှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်ခြင်းမရှိအောင် ကြိုတင်ကာကွယ်မှုများ စီမံထားရှိခြင်းမပြုခဲ့ပေ။ ထို့အပြင် ထိုစီမံကိန်း၌ ပါဝင်သည့် အိုင်ဗင်ဟိုး၊ မြန်မာ့သတ္တုတွင်းလုပ်ငန်းနှင့် ၎င်းတို့၏ ဖက်စပ် MICCL တို့အနက် မည့်သည့် ကုမ္ပဏီကမှ ထိုအခြေအနေကို မှန်ကန်အောင်ပြုပြင်ပြောင်းလဲ လုပ်ဆောင်ခဲ့ခြင်း မရှိပေ။ လူများကို အတင်းအဓမ္မ ရွှေ့ပြောင်းစေခဲ့ပြီး ရလာသော အခြေခံအုတ်မြစ်အပေါ်တွင် ၎င်းတို့၏ စီမံကိန်း လုပ်ငန်းများကို တည်ထောင် လုပ်ကိုင်ခဲ့ပေသည်။

၂၀၁၁ -၂၀၁၄ ခုနှစ်အတွင်းမှာလည်း လက်ပံတောင်းသတ္တုတွင်း စီမံကိန်းအတွက် နောက်ထပ် နေရာဖယ်ရှားစေမှုများကို ဆောင်ရွက်ခဲ့သည်။ စီမံကိန်းအစီအစဉ်အရ ဒေသတွင်းရှိ ရွာလေးရွာစလုံးကို လုံးဝပြောင်းရွှေ့နေရာချထားခဲ့သည်။ ၂၀၁၄ မေလအရောက်တွင် ထိုရွာပေါင်းလေးရွာမှ အိမ်ထောင်စုပေါင်း၂၄၅ စုကို ပြန်လည်နေရာချထားပေးသည့် နေရာသစ်သို့ရွှေ့ပြောင်းခဲ့ပြီးဖြစ်သည်။ သို့သော် အိမ်ထောင်စု ၁၉၆ စုမှာမူပြောင်းရွှေပေးဖို့ ငြင်းဆန်နေခဲ့သည်။ စီမံကိန်းတွင် အခြားရွာပေါင်း ၂၆ရွာမှ ယာမြေအများစု ပါဝင်သော မြေကေပေါင်း ၆၇၈၅ ကေကို သိမ်းယူရန်ဖြစ်သည်။ မြန်မာဝမ်ပေါင်ကုမ္ပဏီအနေဖြင့် ထိုပမာဏ၏ ထက်ဝက်ကျော်ခန့်ကို သိမ်းယူထားပြီး ဖြစ်သည်။ ပြောင်းရွှေ့ရန် ငြင်းဆန်နေသော ထို ၁၉၆ အိမ်ထောင်စုနှင့် ကုမ္ပဏီမှ မြေသိမ်းခြင်း မခံရသေးသည့် လျာထား နေရာများမှ ရွာသားများမှာလည်း ကုမ္ပဏီက ၎င်း၏ လုပ်ငန်းဧရိယာကို တိုးချဲ့မည်ဟု၂၀၁၄ ဒီဇင်ဘာလ ၂၂ ၌ ကြေငြာခဲ့ခြင်းကြောင့် အတင်းအဓမ္မ ရွှေ့ပြောင်းခံရမည့် အခြေအနေနှင့် ရင်ဆိုင်နေရသည်။

လက်ပံတောင်းတောင် သတ္တုတူးဖော်ရေး စီမံကိန်းနှင့် ပတ်သက်၍ နေရာဖယ်ခိုင်းခဲ့ရာတွင်လည်း အစိုးရက လူအများ နားလည်မှု ရှုပ်ထွေးအောင် တမင် လုပ်ဆောင်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ ကို ရွာသားများက ပြောပြရာ၌ ဒေသအာဏာပိုင်တို့က ရွာသားများအား ၎င်းတို့၏ ယာမြေများပေါ်မှာဖြတ်သန်း၍ စက်ကရိယာများ သယ်ဆောင်မည်ဖြစ်သောကြောင့် သီးနှံပျက်စီးမှုအတွက် ရွာသားများသို့ နစ်နာကြေး ပေးမည် ဟုသာ အကြောင်းကြားခဲ့ကြောင်း၊ လယ်မြေသိမ်းယူခြင်း နေရာဖယ်ခိုင်းခြင်းနှင့် ပတ်သက်၍ တစုံတရာ ပြောဆိုခြင်း မရှိခဲ့ကြောင်း ပြောပြကြသည်။ ရွာသားများက ၎င်းတို့အနေဖြင့်မြေသိမ်းခံရပြီဆိုခြင်းကို ၂၀၁၁ခုနှစ် ဝမ်ပေါင်ကုမ္ပဏီက ၎င်းတို့၏ယာမြေများပေါ်တွင် ဆောက်လုပ်ရေးလုပ်ငန်းများ စတင်တော့မှ နားလည်သဘောပေါက် မိသည်ဟု ဆိုသည်။ အာဏာပိုင်များက ရာဇဝတ်ဥပဒေပြဌာန်းချက်ကို အသုံးပြု၍ ရွာသားများအား ၎င်းတို့၏ မြေယာများဆီ သွားလာခွင့်ကိုလည်း ကန့်သတ်တားမြစ်လာခဲ့ပြန်သည်။ လက်ပံတောင်းသတ္တုတွင်း၏ လူမှုရေးနှင့် သဘာဝ ပတ်ဝန်းကျင် အပေါ် သက်ရောက်မှုအချို့ကို လေ့လာရန် အစိုးရက ခန့်အပ်ထားသော ကော်မရှင်ကလည်း အာဏာပိုင်တို့အနေဖြင့် ယာမြေများကိုသိမ်းယူရာတွင် ဒေသခံတို့အား သိသာပွင့်လင်းသော အသိပေး ရှင်းလင်း ပြောကြားမှုများမပြုလုပ်ခဲ့ဟု အတည်ပြုထားပြီး "ထို့ကြောင့် ဒေသခံပြည်သူတို့က လျော်ကြေးငွေကို ကောက်ပဲသီးနှံများ အတွက်သာ နစ်နာကြေးအဖြစ် လက်ခံရရှိခဲ့သည်ဟု ယူဆခဲ့ကြသည်" ဟု ဖော်ပြထားသည်။ ထို့အပြင် မြန်မာဝမ်ပေါင်က အစားထိုး တည်ဆောက်ပေးထားသည့် အိမ်များမှာ အရည်အသွေးညံ့ဖျင်းပြီး ဒေသခံ ယာသမားများအတွက် ကျွဲနွားတိရစ္ဆာန် စောင့်ရှောက်ထိန်းကျောင်းရန် မြေနေရာမပါဘဲ မြို့ပြပုံစံ အိမ်နှင့်မြေကွက်များ ပေးအပ်ခဲ့ကြကြောင်း တွေ့ရှိခဲ့ရသည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။

ကော်မရှင်အစီရင်ခံစာ နှင့် ရပ်ရွာလူထု၏ ဆန္ဒပြပွဲများကြောင့် မြန်မာဝမ်ပေါင်ကုမ္ပဏီက ဒေသခံလူထုကို နောက်ထပ် လျော်ကြေးငွေများ ပေးအပ်ခဲ့သည်။ သို့သော် ရေရှည်ပြဿနာဖြစ်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဆုံးရှုံးခြင်းကိုမူ ကုမ္ပဏီက လုံလောက်စွာ ကိုင်တွယ်ဖြေရှင်း မပေးခဲ့ပေ။ စီမံကိန်းကြောင့် ထိခိုက်ခံစားရသော ဒေသခံရွာသားအားလုံးနီးပါးမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာအတွက် လယ်ယာပေါ် မှီခို နေခဲ့ကြရသူများဖြစ်သည်။

၂၀၁၃ နှင့် ၂၀၁၄ ခုနှစ်များတွင် မြန်မာဝမ်ပေါင်က ခန့်အပ်ထားသည့် အဖွဲ့များနှင့် ကြေးနီစီမံကိန်းအတွက် သဘာဝပတ်ဝန်းကျင် နှင့် လူမှုဘဝ သက်ရောက်မှု အကဲဖြတ်ချက် (ESIA) ကိုဆောင်ရွက်သည့် ပြည်ပအတိုင်ပင်ခံ ကုမ္ပဏီတစ်ခု တို့က စီမံကိန်းနှင့်ပတ်သက်ပြီး ရွာသားများနှင့် တိုင်ပင်ညှိနှိုင်းမှုများ လုပ်ဆောင်ခဲ့သည်။ ထို တိုင်ပင်ညှိနှိုင်းမှုများ မှာ ကြီးမားသော ချွတ်ယွင်းချက်များ ရှိခဲ့ပြီး ရွှေ့ပြောင်းပေးရန်ငြင်းဆန် နေသော ရွာသားများကို အစိုးရ၏ ညွှန်ကြားချက်ဖြင့် တိုင်ပင်ညှိနှိုင်းမှုများ လုပ်ငန်းစဉ်များမှ အတိအလင်း ဖယ်ချန်ထားခဲ့ပါသည်။

ဝမ်ပေါင်ကုမ္ပဏီက ၎င်းတို့၏ ဆောက်လုပ်ရေးလုပ်ငန်းများကိုဆက်လက်ရှေ့တိုးလုပ်ဆောင်နေပြီး ခြံစည်းရိုးကာ၊ ကောက်ပဲသီးနှံများကိုမြေတူးစက်ဖြင့်ထိုးခြင်းများဆက်လုပ်နေပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ ထားရှိရမည့် အကာအကွယ်များ ကင်းမဲ့နေသော အခြေအနေတွင် နောက်ထပ် အဓမ္မ ရွှေ့ပြောင်းမှုများ ဖြစ်လာစရာ

အခြေအနေသို့ ရွေ့ရှုနေလေတော့သည်။ အသက်၃၀အရွယ် လယ်သမား အမျိုးသမီး တစ်ဦးက *"(ဒီစီမံကိန်းကိုလွှဲပြောင်းယူတဲ့ ဝမ်ပေါင်ကုမ္ပဏီက သိမ်းထားတဲ့ ) မြေပေါ်မှာ စွန့်ပစ်ပစ္စည်း တွေကို တောင်တွေလို လာပုံထားကြတယ်၊ အဲဒီစွန့်ပစ်ပစ္စည်းတွေက ထွက်လာတဲ့ ဓာတုညစ်ညမ်းမှု တွေဟာ မြေသားကို ထိခိုက်စေပြီး ကောက်ပဲသီးနှံ စိုက်ပျိုးလို့ မရနိုင်တော့ပဲ ဖြစ်သွားမှာကို စိုးရိမ်တယ်"* ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်း ချမ်းသာခွင့်အဖွဲ့ (Amnesty International) ကို ပြောပြခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မတ်လ ၇ ရက်နေ့တွင် အုန်းသုံးပင်ရွာကို ရဲက အဓမ္မရွှေ့ပြောင်းစေရာ၌ သီးနှံများကိုထိုးဆွဖျက်ဆီးရန် မြန်မာဝမ်ပေါင်က မြေထိုးစက်များ ကူညီခဲ့သည်။ ဤမြေဖယ်ရှားမှုများသည် ကြေးနီစီမံကိန်းနှင့်မသက်ဆိုင်ဘဲ ရဲတပ်ဖွဲ့အတွက် နေအိမ်များ ဆောက်လုပ်ရန် အတွက်ဖြစ်သည်။ ထိုပြောင်းရွှေ့မှုသည် စီမံကိန်းနှင့် မသက်ဆိုင်သော်လည်း လူများအား အဓမ္မ နှင်ထုတ်ရာတွင် ရဲများအား ဘာ့ကြောင့် မြန်မာဝမ်ပေါင် ကူညီသလဲ ဆိုသည်မှာ မရှင်းလင်းပေ။

မြန်မာဝမ်ပေါင်ကုမ္ပဏီ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမီတက် နှင့် အမှတ်(၁)သတ္တုတွင်း လုပ်ငန်းတို့သည် တိုင်ပင် ဆွေးနွေးမှုများပြုလုပ်ရာတွင်၊ မြေယာသိမ်းယူရာတွင်၊ နစ်နာကြေး နှင့် ပြန်လည်နေရာချထားရေးတို့ ဆောင်ရွက် ရာတွင် ရွာသူရွာသားများ၏ လူ့အခွင့်အရေး၊ စားဝတ်နေရေးဆိုင်ရာ အခွင့်အရေးများကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့သည်။ ရွာသားများယာမြေများသို့ မဝင်ရောက်နိုင်ရန် ခြံစည်းရိုးများကာခြင်း၊ အဆောက်အဦးများ ဆောက်လုပ်ခြင်း၊ ယာလုပ်ကိုင်သည့် မြေများပေါ်တွင် စွန့်ပစ်ပစ္စည်းများ စုပုံထားခြင်းဖြင့် မြန်မာဝမ်ပေါင်ကလည်း အဓမ္မပြောင်းရွှေ့ခိုင်းခြင်းကို ကိုယ်တိုင်ကိုယ်ကျ လုပ်ဆောင်ခဲ့သည်။

## ဆန္ဒပြမှုများနှင့် ဖိနှပ်မှုများ

*"ကျုပ်ကျောကုန်းနဲ့ လက်တစ်ဖက်မီးလောင်ခံခဲ့ရတယ်၊ ခြေထောက်တွေရောပဲ" -*
*မီးစုန်းအဖြူပါတဲ့ လက်နက်နဲ့ ပစ်ခံရလို့ ဆိုးဆိုးဝါးဝါး မီးလောင်ဒဏ်ရာရခဲ့သော သက်ကြီးသံဃာတော်တစ်ပါး*

လက်ပံတောင်း သတ္တုတွင်းနဲ့ ပတ်သက်ပြီး ဒေသခံတွေက ကန့်ကွက် ဆန္ဒပြကြသည့် အခါတိုင်း ရဲများက အလွန်အကျွံ အင်အားသုံးပြီး နှိမ်နင်းခြင်းမျိုး ပြုလုပ်တတ်သည်။ ဆန္ဒပြသူများ ဆိုးဆိုးဝါးဝါး ဒဏ်ရာရခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက် တွင် ဒေါ်ခင်ဝင်းဆိုသူ အမျိုးသမီးတစ်ဦး ရဲဖက်က ပစ်ခတ်မှုကြောင့် အသက်ဆုံးခဲ့ရပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများကို ရဲများ၏ တမင် အဆိုးဝါးဆုံး နှိမ်နင်းမှုတချို့ကို ၂၀၁၂ ခု နိုဝင်ဘာလတွင် တွေ့ခဲ့ရသည်။ ယင်းလပိုင်းတွင် သတ္တုတွင်းဧရိယာအတွင်းတွင် ဆန္ဒပြနေသူများက သပိတ်စခန်းများ ဖွင့်လှစ်ခဲ့ပြီး ဒေသခံများနှင့် အတူ အနီးအနား ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်ရာနဲ့ချီပြီးလည်း လာရောက် ပူးပေါင်းခဲ့ကြပါသည်။ ပင်မသပိတ်စခန်းမှာ ဝမ်ပေါင်ကုမ္ပဏီရုံး၏ အပြင်ဖက်နားတွင် ဖြစ်ပါသည်။ နိုဝင်ဘာ ၂၉ ရက်နေ့ညတွင် ထရပ်ကားသုံးစီး နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်ကားတစ်စီးတို့ ဝမ်ပေါင် ရုံးထဲဝင်သွားသည်ကို တွေ့ခဲ့ကြပါသည်။ ရဲအရာရှိများက သပိတ်မှောက်နေသူများကို အိမ်ပြန်ကြရန်ပြောသည်။ မနာခံသောအခါ ရဲများက ပထမတွင် မီးသတ်ကားမှ ရေပိုက်များနှင့် အပြင်းထိုးခဲ့ပြီး နောက်တွင် 'မီးလောင်ဗုံး' များနှင့် ပစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ယင်းမီးလောင်ဗုံးများဆိုသည်မှာ မီးလောင်လွယ်သည့် အဖြူရောင်မီးစုန်းပါသည့် ကျည်များ ဖြစ်ကြောင်း သိခဲ့ရပါသည်။ အဖြူရောင်မီးစုန်းသည် အဆိပ်ဓာတ်ပါသော ပစ္စည်းဖြစ်ပြီး စစ်ဖက်က မီးလောင်စေသည့် လက်နက်၊ မီးခိုးထုတ်သည့်လက်နက်များတွင် အသုံးပြုလေ့ရှိသည့် ဓာတ်ပစ္စည်း ဖြစ်သည်။ ပစ်လိုက်လျှင် လေထဲတွင်ပင် မီးလောင်ပြီး ယားယံပူလောင်စေသည့် အဖြူရောင်မီးခိုးများ ထုတ်ပေးသည်။ ဤလက်နက်မျိုးကို ရဲတပ်ဖွဲ့က အရပ်ဖက် နှိမ်နင်းရေးနှင့် လက်နက်မဲ့ ဆန္ဒပြနေသူများအပေါ် အသုံးပြုခဲ့ခြင်းမှာ နိုင်ငံတကာဥပဒေနှင့် လုံးဝ ဆန့်ကျင် နေပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာစုံစမ်းချက်အရ ရဲတပ်ဖွဲ့ဝင်များသည် မြန်မာဝမ်ပေါင်ကုမ္ပဏီ ဝင်းအတွင်းမှ တိုက်ခိုက်မှု ပြုလုပ်ခဲ့ကြကြောင်း တွေ့ရပါသည်။ ရဲများက ရုံးဝင်းအတွင်းမှနေ၍ ဆန္ဒပြနေသူများကို မီးသတ်ပိုက်များနှင့် ထိုးခဲ့ပြီးနောက် ရုံးအတွင်းမှ ထွက်လာကြပြီး မီးလောင်ဗုံးများနှင့် ၎င်းတို့ကို ပစ်ခဲ့သည်ကို

ဆန္ဒပြသူများ တွေ့ခဲ့ရပါသည်။ လူများ၏ကိုယ်နှင့် အဝတ်အစားများ မီးစွဲလောင်နေသည်ကို တွေ့လျက်ပင် ရဲများက အဖြူရောင် မီးစုံးလက်နက်များနှင့် ဆက်ပစ်နေပြီး ထွက်ပြေးသူများကိုပင် လိုက်ပစ်ခတ်ခဲ့ပါသည်။ ဤတိုက်ခိုက်မှုကြောင့် ဆန္ဒပြသူ ၁၁၀ နှင့် ၁၅၀ အကြား ဒဏ်ရာများ ရရှိခဲ့ကြသည်။ အများအပြားပင် မီးလောင်ဒဏ်ရာများ အပြင်းအထန် ရခဲ့သည်။ ဒဏ်ရာရသူများ၏ ဓာတ်ပုံများတွင် မီးလောင်ဒဏ်ရာများမှာ ခန္ဓာကိုယ်နေရာ အနှံ့အပြားတွင် ဆိုးဆိုးဝါးဝါး လောင်ကျွမ်းခဲ့သည်ကို တွေ့ရပါသည်။ အချို့၏ ဒဏ်ရာများမှာ သေရာပါ အမာရွတ်ကြီးများနှင့် တာရှည်ဝေဒနာ ခံစားသွားရမည့် ဒဏ်ရာမျိုး ဖြစ်သည်။ ဤကဲ့သို့ ဆန္ဒပြသူများအပေါ် မီးစုန်းအဖြူလက်နက်နှင့်တိုက်ခိုက်ခြင်းမှာ ဆန္ဒပြသူများကို ခြိမ်းခြောက်၍ ပြစ်ဒဏ်ခတ်လိုခြင်း ရည်ရွယ်ချက်နှင့် လုပ်ဆောင်ခြင်း၊ ခံရသူများအား အပြင်းအထန် နာကျင်စေခြင်းတို့ကြောင့် နှိပ်စက်ညှင်းပမ်းခြင်းမြောက်သည်ဟု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့အနေနှင့် သတ်မှတ်ပါသည်။ နိုင်ငံတကာ ဥပဒေအရ နှိပ်စက်ညှင်းပမ်းမှုသည် ရာဇဝတ်မှု မြောက်ပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ စုံစမ်းလေ့လာချက်အရ ရဲများက ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား တိုက်ခိုက်မှုတွင် မြန်မာဝမ်ပေါင်ကုမ္ပဏီသည် ရဲများကို ပစ္စည်းအားဖြင့် ကူညီခဲ့ကြောင်း တွေ့ရပါသည်။ ရဲများက အင်အားသုံးဖို့ ပြင်ဆင်နေသည့်အချိန်တွင် ကုမ္ပဏီအနေနှင့် ဤကဲ့သို့လုပ်ဆောင်မှုကို နိုင်ငံတကာ စံနှုန်းများနှင့် အညီ လုပ်ဆောင်မည်ဖြစ်ကြောင်း အနိမ့်ဆုံးအားဖြင့် ရဲများဖက်မှ အာမခံချက် တစ်စုံတစ်ရာ ရယူခဲ့ကြောင်း သက်သေ တစ်စုံတစ်ရာ မပြနိုင်ခဲ့ပါ။ ဤကဲ့သို့ ဆောင်ရွက်ခြင်းမရှိပဲ ရဲ အင်အား အများအပြားကို ၎င်းတို့၏ ရုံးဝင်းအတွင်း ဝင်ရောက်ခွင့် အသုံးပြုခွင့်ကို ပေးခဲ့ပါသည်။

လက်ပံတောင်းသတ္တုတွင်းစီမံကိန်းနှင့် ပတ်သက်၍ ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သူ သို့မဟုတ် ဆန္ဒပြရန် စီစဉ်ဆော်သြခဲ့သူများကို ဖမ်းဆီးအရေးယူတတ်ခြင်းကိုလည်း အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့က လေ့လာ တွေ့ရှိခဲ့ပါသည်။ အစိုးရသည် ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်အမျိုးမျိုးကို အသုံးပြု၍ ဆန္ဒပြသူများကို ဖမ်းဆီးအရေးယူ ပစ်ဒဏ်စီရင်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ကလည်း ရန်ကုန်ရှိ တရုတ်သံရုံးရှေ့တွင် ငြိမ်းချမ်းစွာ ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သော တက်ကြွလှုပ်ရှားသူ လေးဦးကို ဖမ်းဆီးခဲ့ပါသည်။ ၎င်းတို့က ဒေါ်ခင်ဝင်းသေဆုံးမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးပါရန် အာဏာပိုင်များကို တောင်းဆိုခဲ့ကြခြင်း ဖြစ်ပါသည်။ ၎င်းတို့လေးဦးစလုံးကို ယခုအခါ အင်းစိန်ထောင်အတွင်းတွင် ချုပ်နှောင်ထားပါသည်။

## သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ

*"ကျွန်တော်တို့ ငယ်ငယ်တုန်းကတော့ တိမ်တိမ်လေးတူးတာနဲ့ရေထွက်တယ်၊ ရေကလည်း သန့်တယ်။ အခုတော့ အဲဒီလို မဟုတ်တော့ဘူး။" -- ၂၀၁၄ မတ်လ တွင် အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့က မေးမြန်းခဲ့သော အသက် ၅၀ ကျော်ရွာသားတစ်ဦး*

စပါယ်တောင်၊ ကြေးစင်တောင်နှင့် လက်ပံတောင်း သတ္တုတွင်းများ အနီး ငါးကီလိုမီတာအကွာ အဝေးအတွင်းတွင် ရွာပေါင်း ၂၆ ရွာရှိပြီး၊ လူဦးရေ ၂၅၀၀၀ ခန့်နေထိုင်လျှက်ရှိပါသည်။ လက်ပံတောင်း သတ္တုစီမံကိန်းကြောင့် ရွာပေါင်း ၃၆ ရွာခန့်အထိ အနည်းနှင့်အများ ထိခိုက်မှုများ ရှိလာနိုင်ပါသည်။ ဤရွာများတွင် နေထိုင်သူ အများစုမှာ စိုက်ပျိုးရေးကို မှီခိုနေရပြီး ရာသီအလိုက် လယ်ယာများကို ထွန်ယက်စိုက်ပျိုး ခြင်းဖြင့် အသက်မွေးကြသည်။ ဤဒေသအတွင်းတွင် အခြား စက်မှုလုပ်ငန်းကြီးများနှင့် ကုန်ထုတ်လုပ်ငန်းများ မရှိပေ။ ရွာများမှာလည်း အလွန်ဆင်းရဲကြပြီး၊ ရွာသားများ အသက်မွေးမှုအတွက် မှီခိုနေရသော လယ်ယာများ ဆုံးရှုံးရခြင်း၊ ပျက်စီးမှုနှင့်ကြုံရခြင်းများ ဖြစ်သည့်အခါ ၎င်းတို့၏ ဘဝကို ဆိုးဆိုးဝါးဝါး ထိခိုက်စေပါသည်။

သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းမှု မလုပ်နိုင်လျှင် သတ္တုတွင်း တူးဖော်ရေးလုပ်ငန်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကိုလည်း ဖြစ်စေနိုင်ပါသည်။ မုံရွာစီမံကိန်းတွင် အန္တရာယ် ပိုများရခြင်း အကြောင်းတစ်ခုမှာ ပုံမှန်ထက်ပို၍ အက်စစ်ဓာတ်ပါသော ကော့ပါးဆာလ်ဖိုက်ကြေးနီများကို တူးဖော်ခြင်းကြောင့် ဖြစ်သည်။ သတ္တုတူးဖော်ရာမှ ထွက်လာသော အက်စစ်နှင့် သတ္တုရိုင်းများသည် ပတ်ဝန်းကျင်မှ လူများ သောက်သုံးရေအတွက် မှီခိုနေရသော မြေအောက်ရေများ၊ စမ်းချောင်းများ၊ မြစ်ချောင်းများကို ညစ်ညမ်း စေနိုင်သည့် အလားအလာများ ရှိနေပါသည်။ တူးဖော်ရာမှ ထွက်ရှိသော သတ္တုများသည် ငါးများနှင့် ရေသတ္တဝါများကို အသက် အန္တရာယ်ဖြစ်စေပြီး အက်စစ်ဓာတ်ပါဝင်နေသော သတ္တုများသည်လည်း လူများနှင့် တောရိုင်းတိရိစ္ဆာန်များကို အဆိပ်အတောက် ဖြစ်စေနိုင်ပါသည်။ ထွက်ရှိသော အက်စစ်များသည် ပတ်ဝန်းကျင်ကို ညစ်ညမ်းစေပြီး ပြန်လည် သန့်ရှင်းအောင်ပြုလုပ်ရန်လည်း ခက်ခဲ သဖြင့် ရေရှည် ဆိုးဝါးသော အကျိုးဆက်များဖြစ်စေနိုင်ပါသည်။ အခြားရေ အရင်းအမြစ်များကိုလည်း မသန့်စင်စေပဲ ဖြစ်စေနိုင်ပါသည်။ အခြားထိခိုက်မှုများမှာ လေနှင့်လွင့်လာသော ဓာတ်ပစ္စည်းများ၊ လျှံကျထွက်လာသော ဓာတ်ပစ္စည်းများက မြေသားကို ညစ်ညမ်းစေခြင်း၊ သတ္တုမိုင်းမှ ထွက်လာသော ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင်အောက်ဆိုက်များကြောင့် လေထုညစ်ညမ်းခြင်း၊ စက်ရုံမှ ထွက်သော အသံဗလံများနှင့် စက်ပစ္စည်းသယ်သော ယာဉ်များ၏ အသံ ဆူညံမှုများ ဖြစ်ပေါ်ခြင်းတို့လည်း ရှိပါသည်။ ဤ အန္တရာယ်များအားလုံးကို ပိုဆိုးစေသော အချက်မှာ သတ္တုမိုင်း၊ စွန့်ပစ်ပစ္စည်း သိုလှောင်ရာ နေရာနှင့် ဆာလ်ဖြူရစ်အက်စစ် စက်ရုံတို့မှာ လူနေအိမ်ယာများ၊ လယ်ယာမြေများ နှင့် မြစ် တို့ နှင့် နီးကပ်စွာ တည်ရှိခြင်း ဖြစ်သည်။ စက်ရုံမှ ထုတ်လုပ်သော အန္တရာယ်ရှိနိုင်သည့် အက်စစ်ပစ္စည်းများကြောင့်လည်းကောင်း၊ စက်ရုံသည် လူနေအိမ်ခြေများနှင့် နီးကပ်နေမှုကြောင်း လည်းကောင်း ကုမ္ပဏီအနေနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ပိုပြီး စနစ်တကျ ထိန်းသိမ်းကာကွယ်ရမည့် တာဝန်ရှိနေပါသည်။

ကုမ္ပဏီများ အနေနှင့် ဤ လိုအပ်ချက်ကို သတ္တုမိုင်းကို စတင်တူးဖော်လုပ်ကိုင် စကတည်းက ဖြည့်ဆည်းခဲ့ခြင်း မရှိကြောင်း တွေ့ရပါသည်။ အစောပိုင်းက သတ္တုတူးဖော်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့သော မြန်မာ့သတ္တုလုပ်ငန်း အမှတ် (၁) သည် ၁၉၉၅-၉၆ ခုနှစ်များတွင် တူးဖော်ရာမှ ထွက်လာသော အန္တရာယ်ဖြစ်နိုင်သည့် သတ္တုဘေးထွက် ပစ္စည်းများ ပါဝင်သည့် စွန့်ပစ်မြေများကို ဧက ၁၅၀ကျော်ရှိသော နေရာများတွင် စုပုံစွန့်ပစ်ခဲ့သကဲ့သို့ ချင်းတွင်းမြစ်တွင်းသို့လည်း စွန့်ပစ်ခဲ့ပါသည်။ ယခုအနှစ် ၂၀ နီးပါး ကြာပြီးအချိန်အထိလည်း ယင်း အန္တရာယ် ဖြစ်စေနိုင်သည့် မြေပုံများကို လူနေအိမ်ခြေများနှင့် အနီးတဝိုက်တွင် တွေ့ရဆဲ ဖြစ်သည်။ ဒေသခံများသည် ဤ အန္တရာယ်ဖြစ်နိုင်သော ကြေးနီစွန့်ပစ်ပစ္စည်းများပါဝင်သည့် မြေသားများကို ဒေသန္တရနည်းဖြင့် ကြေးနီ ဒုတ္ထာ ချက်လုပ်ကြကြောင်း သိကြသော်လည်း MICCL၊ မြန်မာ ယန်စီကြေးနီ လီမိတက် (ယခုစပါယ်တောင် ကြေးစင်တောင်ကို လုပ်ကိုင်နေသော ကုမ္ပဏီ၊ ဝမ်ပေါင် သတ္တုတွင်း ကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခု) နှင့် မြန်မာ အာဏာပိုင်များသည် ဤဒေသကို အန္တရာယ်ရှိ ပစ္စည်းများကင်းစင်အောင် ရှင်းလင်းသန့်စင်ပေးခြင်း မပြုလုပ် ခဲ့ကြပေ။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၁၄ ခု မတ်လတွင် မုံရွာသို့သွားရောက်ပြီး စွန့်ပစ်ပစ္စည်းများ ပုံထားသော နေရာမှ မြေ နမူနာနစ်မျိုးကို ရယူခဲ့၍ စမ်းသပ်ကြည့်စေခဲ့သည်။ စမ်းသပ်ချက်အဖြေအရ ၎င်းမြေသားများတွင် အက်စစ်ဓာတ်မြင့်မားသည့်အတွက် ကြေးနီပါဝင်မှုလည်း မြင့်မားကြောင်း တွေ့ရသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့မှ ဆွေးနွေးတိုင်ပင်ခဲ့သော ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာ ကျွမ်းကျင်သူများက အက်စစ်ဓာတ် ပါဝင်မှုမြင့်မားပြီး ကြေးနီပါဝင်မှုလည်း မြင့်မားသော ၎င်း အန္တရာယ် ရှိနိုင်သည့် စွန့်ပစ်မြေပုံများသည် ယင်းတို့အား လက်ဖြင့်ကိုင်တွယ်၍ ကြေးနီ/ဒုတ္ထာထုတ်ယူရန် ကြိုးစားကြသော ဒေသခံ များအတွက် ကျန်းမာရေးအရ အန္တရာယ်ကြီး ရှိနေကြောင်း ပြောကြပါသည်။ မြေသားထဲတွင် ပြန့်နှံ့စိမ့်ဝင်နေသော အခြားသတ္တုဓာတ်များသည်လည်း ရွာသားများ သောက်သုံးသည့်ရေထဲတွင် မြင့်မားသည့် ပမာဏဖြင့်ရောက်ရှိနေလျှင် အန္တရာယ်ရှိနိုင်ပြီး လေထဲတွင်လည်း သတ္တုဖုန်မှုန့်များအဖြစ် ပြန့်နှံ့နေလျှင် ရှူရှိုက်မိသူများအတွက် အန္တရာယ် ဖြစ်စေနိုင်ပါသည်။

ဤစီမံကိန်းတွင် ပါဝင်လုပ်ကိုင်နေသော ကုမ္ပဏီများသည် ယခင် မြန်မာ့သတ္တုတွင်း လုပ်ငန်း အမှတ် (၁) က ချန်ထားခဲ့သော အန္တရာယ်ရှိနိုင်သည့် ဓာတုပစ္စည်းများထုတ်လွှင့်မှုနှင့် အခြားသဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ

အကြောင်းကို လည်းကောင်း၊ ဤ ညစ်ညမ်းမှုများက ဒေသအတွင်းနေထိုင်သော လူထုအပေါ် ထိခိုက်မှု များကို လည်းကောင်း ပြည့်ပြည့်စုံစုံ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့ခြင်း မရှိပါ။

MICCL နှင့် မြန်မာယန်စီ ကုမ္ပဏီတို့သည် သဘာဝပတ်ဝန်းကျင် အပေါ်ထိခိုက်မှု ရှိနိုင်သည့် မတော်တဆဖြစ်မှုများ အကြောင်း အစီရင်ခံစာများ ထုတ်ပြန်ခဲ့ဖူးပါသည်။ ဥပမာ MICCL က တင်သွင်းသော အစီရင်ခံစာ တစ်စောင်တွင် မြေအောက်ရေ ညစ်ညမ်းမှု အကြောင်းကိုလည်းကောင်း၊ မြန်မာယန်စီ ကုမ္ပဏီ၏ အစီရင်ခံစာတွင် မြေလျှောလှုပ်မှုတစ်ခုကြောင့် စွန့်ပစ်ပစ္စည်း ပုံ တစ်ခု၏ အောက်ခြေ ပျက်စီးသွားမှု အကြောင်းကို လည်းကောင်း ဖော်ပြခဲ့ကြသည်။ ဤမတော်တဆ ဖြစ်မှုများသည် အနားပတ်ဝန်းကျင်တွင် နေထိုင်သူများကို စိုးရိမ်စရာ အန္တရာယ်ကြီးများ ဖြစ်စေနိုင်ပါသည်။ MICCL၊ မြန်မာ့သတ္တုတွင်းလုပ်ငန်း အမှတ် (၁)၊ အိုင်ဗင်ဟိုး သတ္တုတွင်းနှင့် မြန်မာယန်စီတို့သည် ၎င်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေခဲ့သည့် အဖြစ်အပျက်များက သတ္တုတွင်းနှင့် အနီးအနားတွင် နေထိုင်သော ဒေသခံလူထုအပေါ် မည်ကဲ့သို့ ထိခိုက်မှုများ ဖြစ်စေခဲ့သည်ဆိုသည်ကို စောင့်ကြည့်လေ့လာခြင်းများ လုံးဝ မလုပ်ခဲ့ကြပါ။ အစီရင်ခံစာများတွင် ဖော်ပြခဲ့သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်သည့် အဖြစ်များနှင့်ပတ်သက်၍ ဒေသခံလူထုကိုလည်း မည်သည့် သတင်းအချက်အလက်ကို မျှဝေမျှပေးခြင်းမရှိခဲ့သလို ထိခိုက်မှုများ လျော့နည်းသက်သာစေမည့် အစီအစဉ်များကို လုပ်ဆောင်ပေးခဲ့ခြင်းလည်း မရှိခဲ့ပါ။ အစိုးရအပိုင်းမှလည်း စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ခဲ့ခြင်း လုံးဝမရှိခဲ့ပါ။

စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုတူးဖော်ရေး ဧရိယာ အနီးတဝိုက်တွင်နေထိုင်ကြသော ဒေသခံများသည် စီမံကိန်းကြောင့် ဒေသတွင်းရေများ၊ လယ်ယာမြေများနှင့် ၎င်းတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုများကို များစွာ စိုးရိမ်ပူပန်မှုရှိခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့ကြီး၏ တွေ့ဆုံမေးမြန်းချက်များအရ ဒေသခံ လူထုသည် ၎င်းတို့ အသုံးပြုနေသော ရေတွင်းများမှ ရေများ၏ အန္တရာယ်ကင်းမှုကို အထူးစိုးရိမ် ခဲ့ကြ ကြောင်းသိရသည်။ ထို့အပြင် မြေအောက်မှ ရေများ လျော့ကျလာသည့်အတွက်ကြောင့် ရေရရှိရန် ရေတွင်းတူးဖို့ ပိုမိုခက်ခဲလာနေသည့် အကြောင်းများကိုလည်း စိုးရိမ်နေရကြောင်း ပြောပြကြသည်။ ရွာသားများ၏ တောင်းဆိုမှုကြောင့် ပြည်သူ့ကျန်းမာရေး ဆိုင်ရာ ဓာတ်ခွဲခန်းတစ်ခုမှာ နေရာတချို့က မြေတွင်းရေကို စစ်ဆေးကြည့်သော အခါ ကန်ကုန်းရွာအနားက ရေအရည်အသွေးသည် ၂၀၀၃ က ၂၀၁၂ ခုနှစ်အတွင်းမှာ ကျဆင်းလာခဲ့ကြောင်း တွေ့ခဲ့ရပါသည်။ ယင်းအချက်က စီမံကိန်းဧရိယာ အနီးတဝိုက်ရှိ ရွာများ အားလုံးတွင် မြေပေါ် မြေအောက် ရေ အရည်အသွေးကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာစစ်ဆေးကြည့်ဖို့ လိုအပ်နေပြီဆိုသော အချက်ကိုလည်း ပြသနေပါသည်။ တစ်ခါ စပါယ်တောင်၊ ကြေးစင်တောင် သတ္တုမိုင်းမှ ထွက်လာသော အက်စစ်မြူခိုးများကြောင့် အနားရှိ ရွာတချို့မှ အိမ်များ၏ သွပ်ခေါင်မိုးများ ပျက်စီးခြင်း၊ လူများ၏ မျက်လုံးများ စပ်ဖျဉ်းဖျဉ်း ဖြစ်ခြင်းများကိုလည်း စိုးရိမ်စရာ အခြေအနေအဖြစ် ဒေသခံများက ပြောကြပါသည်။ ဤကဲ့သို့ အဖြစ်များ ရှိခဲ့သော်လည်း အာဏာပိုင်များက သတ္တုမိုင်း၏ လုပ်ကိုင်ပုံများကို လေ့လာစစ်ဆေးမှုမလုပ်ခဲ့ပဲ ကုမ္ပဏီများအား လုပ်ချင်သလို လုပ်ကိုင်ခွင့်ပေးထားခဲ့ပါသည်။

မြန်မာအာဏာပိုင်များသည် စပါယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းစေမှုများနှင့် ယင်းကဲ့သို့ ညစ်ညမ်းမှုများက လူထု၏ ရေနှင့် ကျန်းမာရေးအခွင့်အရေးများအား ထိခိုက်စေမှု ဆိုးကျိုးများကို ပြန်လည်ကောင်းမွန်အောင်မလုပ်ပေးနိုင်ပဲ ပိုပြီးကြီးမားသော စီမံကိန်း အသစ်တစ်ခုဖြစ်သည့် လက်ပံတောင်းတောင်သတ္တုတူးဖော်ရေးလုပ်ငန်းကို လုပ်ကိုင်ဖို့ ခွင့်မပြုသင့်ခဲ့ပေ။ မြန်မာ့သတ္တုတွင်းလုပ်ငန်း အမှတ် ၁၊ အိုင်ဗင်ဟိုးသတ္တုလုပ်ငန်း နှင့် ဝမ်ပေါင်သတ္တုလုပ်ငန်းတို့သည်လည်း လုပ်ငန်းသစ်များ စတင်မလုပ်ကိုင်မီ ယခင် လုပ်ငန်းဟောင်းများက ချန်ခဲ့သော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ပြင်ဆင်ကုစားရန် လုပ်ငန်းစဉ်များ ထားရှိရန် ပျက်ကွက်ခဲ့ကြပါသည်။

## ဥပဒေအထက်က ဦးပိုင်၏ ဆာလ်ဖြူရစ်အက်စစ် စက်ရုံ

> “တစ်ခါတစ်လေ စက်ရုံဘက်က အနံ့ဆိုးကြီးတွေထွက်လာပါတယ်၊ အဲဒီအခါမျိုးကျရင် ရွာထဲမှာ လူတွေ နေလို့ မရတော့ဘူး၊ မျက်ရည်တွေထွက်လာတယ်၊ ချောင်းဆိုးတယ်၊ အထူးသဖြင့်လေကြောင်းသင့်နေတဲ့ အခါမျိုးပေါ့။” - ဆာလ်ဖြူရစ်အက်စစ်စက်ရုံအနီးတွင်နေသော ရွာသားတစ်ဦး

စပါယ်တောင်နှင့်ကြေးစင်တောင် သတ္တုမိုင်းအတွက် လိုအပ်သော ဆာလ်ဖြူရစ်အက်စစ်အများစုကို ဦးပိုင်ကုမ္ပဏီ၏ စက်ရုံမှ ထုတ်လုပ်ပေးသည်။ ဤစက်ရုံမှာ စပါယ်တောင်နှင့်ကြေးစင်တောင်သတ္တုမိုင်း၏ အနောက်ဖက် ကီလိုမီတာ အနည်းငယ်အကွာတွင်ရှိပြီး ကံကုန်းရွာနှင့်ဆိုလျှင်မီတာ ၂၀၀ ခန့်သာဝေးပါသည်။ ရွာကျောင်းနှင့်လည်း နီးနီးကပ်ကပ်တွင်တည်ရှိပါသည်။ စက်ရုံတဝိုက်တွင် ဒေသခံများထွန်ယက်လုပ်ကိုင်သော ယာမြေများရှိပါသည်။ အန္တရာယ်ရှိနိုင်သော ဓာတုပစ္စည်းများထုတ်လုပ်သည့် စက်ရုံတစ်ရုံသည် လူနေအိမ်ယာများနှင့် ယခုလောက် နီးနီးကပ်ကပ် လုံးဝမရှိသင့်ပါ။ ကံကုန်းရွာသားများက စက်ရုံမှ ထွက်သော အနံ့ဆိုးကြီးများက ၎င်းတို့အား ချောင်းဆိုးပြီး မျက်ရည်များထွက်စေကြောင်းကို စက်ရုံအုပ်ချုပ်သူများအား တိုင်ကြားခဲ့ပါသည်။ ရွာသားတော်တော်များကလည်း အသက်ရှူခက်ခဲသည့် ဝေဒနာများခံစားရကြောင်း၊ အရေပြားယားယံပြီး မျက်စေ့စပ်ခြင်းများ ဖြစ်ကြကြောင်းလည်း ပြောပြကြပါသည်။ စက်ရုံနှင့်ကပ်လျက် လယ်ယာမြေများတွင် သီးနှံများ ပျက်စီးကြောင်းလည်း ပြောပါသည်။ ရွာသားများ၏ တောင်းဆိုချက်ကြောင့် စမ်းသပ်မှုများ ပြုလုပ်ကြည့်သည့်အခါ မြေထဲတွင် ဆာလ်ဖိတ်ပါဝင်နှုန်းအဆတော်တော်များများ မြင့်နေသည်ကို တွေ့ရပါသည်။ ဤစမ်းသပ်မှုက ပြည့်စုံလုံလောက်သည်ဟု ယတိပြတ်မဆိုနိုင်သော်လည်း ဆာလ်ဖြူရစ်အက်စစ်စက်ရုံအနီးတဝိုက်နှင့် ၎င်းနှင့် ကပ်လျက်ရှိသော ရွာများတွင် သဘာဝပတ်ဝန်းကျင်လေ့လာမှုတစ်ခုကို အမြန်ဆုံးပြုလုပ်ရန် လိုအပ်နေပြီ ဖြစ်ကြောင်း ပြဆိုနေပါသည်။

လက်ပံတောင်းစီမံကိန်းလေ့လာစုံစမ်းရေးကော်မရှင်၏ တွေ့ရှိချက်အရ ဦးပိုင်သည် စက်ရုံကို စက်မှုဝန်ကြီးဌာနထံမှ ခွင့်ပြုချက်မရယူပဲ ၂၀၀၇ ခုနှစ်ကတည်းက လည်ပတ်အသုံးပြုလျှက်ရှိကြောင်းတွေ့ရသော်လည်း အစိုးရသည် ဦးပိုင်အား အရေးယူခြင်း တာဝန်ခံခိုင်းခြင်း တစ်စုံတစ်ခုမှ မပြုလုပ်ခဲ့ပေ။ ဤသို့ မပြုလုပ်ရုံမက စက်မှုဝန်ကြီးဌာနသည် ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် စက်ရုံအား လိုအပ်သည့် ခွင့်ပြုချက်ထုတ်ပေးခဲ့ပြီး ဆက်လက်လည်ပတ်ခွင့်ပြုခဲ့သည်။ စက်ရုံက ပတ်ဝန်းကျင်ကို ထိခိုက်နိုင်မှုများကို အစိုးရသည် ကိုယ်တိုင်လည်း ဆန်းစစ်လေ့လာခြင်းမပြု၊ စက်ရုံအား ဆန်းစစ်လေ့လာတင်ပြရန်လည်း ညွှန်ကြားခြင်းမရှိပေ၊ စက်ရုံအား ရပ်ပြစ်ရန် သို့မဟုတ် နေရာရွှေ့ပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့ ကြသော အနီးပတ်ဝန်းကျင် ရွာများမှ လူထုများနှင့်လည်း ညှိနှိုင်းမှု ပြုလုပ်ခဲ့ခြင်းမရှိပေ။ အစိုးရ၏ ပျက်ကွက်မှုများကို ကြည့်လျှင် အစိုးရသည် ဦးပိုင်၏ လုပ်ရပ်များမှာ ဥပဒေကိုလစ်လျူရှုထားကြောင်း၊ ထင်ရှားစွာသိလျှက်နှင့် ဦးပိုင်ကို တာဝန်ခံခိုင်းရန် ဆန္ဒမရှိကြောင်းတွေ့ရပါသည်။

ဦးပိုင်ကုမ္ပဏီသည် ပတ်ဝန်းကျင်မှ လူများ၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ဆိုးဆိုးဝါးဝါး အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများထုတ်လုပ်သော စက်ရုံတစ်ရုံကို တရားမဝင်တည်ထောင်ခဲ့ခြင်းဖြင့် လူထု၏ ကျန်းမာစွာနေနိုင်ရေး အခွင့်အရေးကို ချိုးဖောက်ခဲ့ပါသည်။ လူထုအတွက် အန္တရာယ်ကင်းသော အနိမ့်ဆုံးလိုအပ်ချက် အကွာအဝေးတစ်နေရာဆီသို့ ဤဆာလ်ဖြူရစ်အက်စစ်စက်ရုံကို ရွှေ့သင့်ပါသည်။ နေရာအသစ်တစ်ခုကို ရွေးချယ်မပြီးမချင်း စက်ရုံလည်ပတ်မှုကိုလည်း ရပ်ဆိုင်းထားရပါမည်။ စက်ရုံကြောင့် ထိခိုက်ရသော ဒေသခံ လူထုနှင့် ညှိနှိုင်းတိုင်ပင်ပြီး ပြည့်စုံလုံလောက်သော အကဲဖြတ်လေ့လာချက်များကိုလည်း ပြုလုပ်ပေးရပါမည်။

နိုင်ငံတကာစံနှုန်းများအရ ကျန်းမာရေး နှင့် ရေသန့် ရပိုင်ခွင့် အခွင့်အရေးများတွင် အစိုးရများသည် ဥပဒေများပြဌာန်း၍ ကုမ္ပဏီ များက လေထု၊ ရေထု နှင့် မြေကြီးကို ညစ်ညမ်းအောင် မပြုလုပ်နိုင်ရန် ကာကွယ်ရမည့်ဆိုသော အချက်ပါဝင်ပါသည်။ မြန်မာအစိုးရအနေနှင့် မုံရွာကြေးနီစီမံကိန်းနှင့် ဆာလ်ဖြူရစ် အက်စစ်စက်ရုံကိစ္စတို့က သဘာဝပတ်ဝန်းကျင် ညစ်ညမ်းအောင်ပြုလုပ်နေသည့် ကိစ္စတွင် လိုအပ်သည့် ထိန်းချုပ်ကြီးကြပ်မှုနှင့် စောင့်ကြည့်လေ့လာမှု လုပ်ငန်းစဉ်များ ချမှတ်ရန် ပျက်ကွက်ခဲ့ပါသည်။ ဤနည်းဖြင့်

ဒေသခံများ၏ သန့်ရှင်းသောရေရပိုင်ခွင့်နှင့် ကျန်းမာရေးရပိုင်ခွင့် အခွင့်အရေးများ ထိပါးခံခဲ့ရပါသည်။ ဒေသခံများက ရေအောက်မြေများ ညစ်ညမ်းလာမှုနှင့် ဆာလ်ဖြူရစ်အက်စစ်စက်ရုံအကြောင်းတို့ကို အာဏာပိုင်များထံအကြိမ်ကြိမ် တိုင်ကြားခဲ့သော်လည်း အစိုးရက ဤကိစ္စများကို လွတ်လပ်သော လေ့လာစုံစမ်းမှု ပြုလုပ်ပေးရန် ပျက်ကွက်ခဲ့ပါသည်။

## လက်ပန်းတောင်းကြေးနီစီမံကိန်း အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု ဆိုင်ရာ လုံလောက်သော လေ့လာဆန်းစစ်ချက်မရှိခြင်း

*"မိုင်း၏ သက်တမ်း နှစ် ၃၀ အတွင်း စွန့်ပစ်ပစ္စည်း တန်ချိန် သန်းတစ်ထောင်ခန့်ထွက်ရှိမည်။" လက်ပံတောင်းစီမံကိန်းအတွက် သဘာဝဝန်းကျင်နှင့် လူမှုဝန်းကျင် ထိခိုက်မှုအကဲဖြတ်ချက်မှ*

မြန်မာဝမ်ပေါင်ကုမ္ပဏီက မေလ ၂၀၁၄ ရက်စွဲနှင့် ထုတ်ပြန်ခဲ့သော လက်ပံတောင်းသတ္တုတွင်း အတွက် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ်သက်ရောက်မှုအကဲဖြတ်လေ့လာချက် (ESIA )၏ နောက်ဆုံးစာတန်း မူကြမ်းကို လေ့လာကြည့်ပေးပါရန် နှစ်ပေါင်းများစွာ အတွေ့အကြုံရှိသော သဘာဝပတ်ဝန်းကျင်သိပ္ပံဆိုင်ရာ ပညာရှင်တစ်ဦးကို အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က မေတ္တာရပ်ခံခဲ့ပါသည်။ လက်ပံတောင်း သတ္တုတွင်း၊ စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းနှင့် ဆာလ်ဖြူရစ်အက်စစ်စက်ရုံတို့ကို စုပေါင်းပိုင်ဆိုင်မှုရှိသော်လည်း ထို သဘာဝဝန်းကျင် အပေါ် သက်ရောက်မှု လေ့လာချက်တွင် စီမံကိန်းသုံးခု၏ ဆက်နွယ်နေသော လုပ်ငန်းများက ဒေသအတွင်းရှိလူများအပေါ် သက်ရောက်မှုများကို ထည့်သွင်းစဉ်းစားခြင်း မပြုသည်ကို တွေ့ရပါသည်။ လက်ပံတောင်းနှင့် စပါယ်တောင်နှင့်ကြေးစင်တောင် သတ္တုတွင်းများမှ စွန့်ပစ်ပစ္စည်းများတူညီခြင်းနှင့် စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းနှင့် ဆာလ်ဖြူရစ်အက်စစ် စက်ရုံတို့အပေါ် ဒေသခံလူထု စိုးရိမ်မှုများကို မရှင်းနိုင်သေးချိန်တွင် ယခုကဲ့သို့ ထည့်သွင်းဖော်ပြခြင်းမပြုပဲ ချန်လုပ်ထားခဲ့ခြင်းမှာ ထောက်ပြစရာ ဖြစ်နေပါသည်။ ဤအချက်သည် အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC) က သတ်မှတ်ထားသော (ESIA) သည် ဖြစ်လာနိုင်သည့် အကျိုးဆက်များကို စုပေါင်းထည့်သွင်း စဉ်းစားရမည် ဆိုသည့် အချက်နှင့်လည်း ဆန့်ကျင်နေပါသည်။

ကျွမ်းကျင်သူများ၏လေ့လာချက်အရလည်း ယခု သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ်သက်ရောက်မှု အကဲဖြတ်လေ့လာချက် (ESIA) တွင် အားနည်းချက်များ အများအပြားရှိနေပါသည်။ တစ်ချက်မှာ စွန့်ပစ်ပစ္စည်းများကို သိုလှောင်သိမ်းဆည်းမည့် နေရာ နှင့် ကြေးနီသတ္တုရိုင်းကို သန့်စင်မည့် စက်များထားရှိမည့်နေရာတို့၏ နောက်ဆုံး ဒီဇိုင်း ပုံစံများကို ထည့်သွင်းဖော်ပြမထားခြင်း ဖြစ်သည်။ ဤ အဆောက်အဦများ နေရာများသည် သဘာဝပတ်ဝန်းကျင် နှင့် ဒေသခံလူထုအတွက် အန္တရာယ်ရှိနိုင်သည့်အတွက် လူထုက လေ့လာအကဲဖြတ်နိုင်ရန် ယင်းတို့၏ နောက်ဆုံး ဒီဇိုင်းကို ESIA တွင် ထည့်သွင်းဖော်ပြရမည် ဖြစ်သည်။ သတ္တုတွင်း ဧရိယာသည် မြေလျှောင်ကြီး လှုပ်ခတ်နိုင်သည်ဟု ခန့်မှန်းထားသော ဒေသအတွင်း ရှိသော်လည်း သတ္တုတွင်း၏ အဆောက်အဦများ အစိတ်အပိုင်းများသည် ငလျင်ဒဏ်ကို ခံနိုင်အောင်မည်သို့ ကာကွယ်ထားသည် ဆိုသော အချက်ကို နောက်ဆုံး ဒီဇိုင်းပုံစံက မည်မျှလောက်အာမခံ ပေးနိုင်မည် ဆိုသည်ကို အတိအကျ အသေအချာ မသိရနိုင်သေးပေ။

လူမှုရေးနှင့် ကျန်းမာရေးထိခိုက်မှုအပိုင်းအတွက် လေ့လာအကဲဖြတ်ချက်မှာလည်း အပေါ်ယံ ဆန်လွန်းလှပါသည်။ ဥပမာအားဖြင့် ESIA တွင် စီမံကိန်းဒေသအတွင်းရှိ လေထုအရည်အသွေးကြောင့် ဒေသအတွင်း လူထုတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများ သာမန်အခြေအနေထက်ပိုရှိနေသည်ကို တွေ့ရကြောင်း အသိအမှတ်ပြု ဝန်ခံထားပါသည်။ လက်ရှိ သတ္တုတူးဖော်ရေး လုပ်ငန်းများကြောင့် ဒေသတွင်း ဖုန်မှုန့်များဖြစ်ပေါ်စေသည်ကို ဖော်ပြထားသော်လည်း S&K သတ္တုတွင်းလုပ်ငန်းများနှင့်ပတ်သက်သောအချက်အလက်များကို ဖော်ပြခြင်းမရှိသလို လူထု၏အသက်ရှူလမ်းကြောင်းဝေဒနာများ ဖြစ်ရခြင်းတွင် ၎င်း လုပ်ငန်းများနှင့် ဆက်နွယ်မှုရှိမရှိဆိုသည်ကိုလည်း လေ့လာတင်ပြထားခြင်းမရှိပေ။ ဤ သတ္တုတွင်း နှစ်ခုစလုံးကို လုပ်ကိုင်နေသော ကုမ္ပဏီများကို ပိုင်ဆိုင်သော

ဝမ်ပေါင်အနေနှင့် ဤကဲ့သို့ ကျန်းမာရေးနှင့် ဆက်စပ်သော အန္တရာယ်များကို အသေးစိတ် လေ့လာပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ပေးသင့်ပေသည်။ ဤသည်မှာ လက်ရှိ လုပ်ကိုင်နေသော စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုမိုင်းနှင့် ပတ်သက်၍ စိုးရိမ်စရာရှိနေသော အချက်များစွာထဲမှ တစ်ခုဖြစ်ပြီး ဒေသခံများနှင့်ဆွေးနွေးရာတွင်လည်း ဤအချက်ကို ပြောကြားခဲ့ကြသည်။ သို့သော် ESIA ထဲတွင် ယင်းအချက်များကို ဖော်ပြခြင်းမရှိသကဲ့သို့ ဝမ်ပေါင်သတ္တုတွင်း ကုမ္ပဏီမှလည်း အရေးယူဆောင်ရွက်ခြင်း မရှိပေ။

တစ်ခါ စီမံကိန်းကြောင့် မြေယာဆုံးရှုံးမှုများ၊ စားကျက်မြေ ဆုံးရှုံးမှုများ၊ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အရေးဆုံးရှုံးမှုများ စသဖြင့် အမျိုးသမီး၊ အမျိုးသားများအပေါ် သက်ရောက်သည့် အကျိုးဆက်များကိုလည်း သုံးသပ်တင်ပြချက်မျိုးမပါဝင်ပေ။ ရွာတစ်ရွာချင်းစီအလိုက်၊ လူအုပ်စု တစ်စုစီအလိုက်အပေါ် ထိခိုက်သက်ရောက်မှုများအကြောင်း သီးသန့်လေ့လာတင်ပြချက်မျိုးလည်း မပါဝင်ပဲ တင်ပြထားသည့် ဖြေရှင်းနည်းများဆိုသည်မှာလည်း (မှုန်ဝါး) တိကျမြင်သာမှု မရှိရုံမက ၎င်းဖြေရှင်းနည်းများကို အမှန်တကယ်လိုက်နာ ကျင့်သုံးမည်လား ဆိုသည်မှာလည်း မရှင်းလင်းပေ။

ESIA သည် ကုမ္ပဏီက သူ့ဆန္ဒနှင့်သူ လိုက်နာကျင့်သုံးရန်ကိုသာ ဖော်ပြထားပြီး မြန်မာအစိုးရအနေနှင့်လည်း လုံလောက်သော သဘာဝပတ်ဝန်းကျင် အကာအကွယ်များ မချမှတ်နိုင်သေးသလို ဤကဲ့သို့ လုပ်ငန်းပမာဏကြီးမားလှပြီး သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်နိုင်သည့် စီမံကိန်းကြီးမျိုးတွင် ဖြစ်လာနိုင်သော အန္တရာယ်များကို တားဆီးပြီး ထိန်းကွပ်နိုင်ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန၏ နည်းပညာစွမ်းရည်များကိုလည်း ဖြည့်ဆည်းပေးနိုင်ခြင်း မရှိပေ။ အထူးအရေးကြီးသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကာအကွယ်များကို ကုမ္ပဏီက သူ့သဘောနှင့်သူလိုက်နာ လုပ်ဆောင်လိုမှ လိုက်နာလုပ်ဆောင်ခြင်းမျိုး၊ သူ့ဟာသူ အကဲဖြတ်၍ လုပ်ချင်မှ လုပ်ခြင်းမျိုးကို အစိုးရကလည်း အပြည့်အဝ မကြီးကြပ်နိုင်ပဲ လွှတ်ပေးထားခြင်းမျိုး မဖြစ်စေရကြောင်း စီမံကိန်းဧရိယာအတွင်း နေထိုင်ကြသော ပြည်သူများအနေနှင့် သိရှိလက်ခံရန်လိုအပ်ပါသည်။

## ပွင့်လင်းမြင်သာမှု ကင်းမဲ့ခြင်းနှင့် ရှင်းလင်းမှု မရှိသောလွှဲပြောင်းရောင်းချခြင်းများ

စပါယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်း၊ လက်ပံတောင်းစီမံကိန်းနှစ်ခုစလုံးတွင် စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်နိုင်မှုနှင့် စီမံကိန်း၏ ပတ်ဝန်းကျင်လူထုအပေါ်သက်ရောက်မှုများကို အပြည့်အဝထုတ်ဖော် မပြသခြင်းသည် မုံရွာကြေးနီစီမံကိန်းတစ်ခုလုံးတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုတို့ ကင်းမဲ့နေခြင်းဟူသော ပို၍ကျယ်ပြန့်သည့် ပြဿနာကို လှစ်ဟပြနေခြင်း ဖြစ်သည်။ ဥပမာအားဖြင့် မုံရွာ စီမံကိန်း ပိုင်ဆိုင်မှုကို တရုတ်-မြန်မာစစ်တပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသို့ လွှဲပြောင်းပေးလိုက်ချိန်သည် အမေရိကန်၊ အီးယူ နှင့် ကနေဒါတို့က မြန်မာစစ်တပ် ဦးပိုင် ကုမ္ပဏီနှင့် မည်သည့်စီးပွားရေးလုပ်ငန်းမျှ မလုပ်ရန် ပိတ်ဆို့အရေးယူမှုများ ချမှတ်ထားချိန် ဖြစ်ပါသည်။ အိုင်ဗင်ဟိုးကုမ္ပဏီသည် မုံရွာစီမံကိန်းတွင် ၎င်း တို့၏ ယခင်က ရရှိထားသောအကျိုးအမြတ်များ ဦးပိုင်-ဝမ်ပေါင်သတ္တုတွင်းဖက်စပ်လုပ်ငန်း လက်သို့ မည်သို့ရောက်ရှိသွားသည်ကို မည်သည့်အခါကမျှ ရှင်းပြခဲ့ခြင်းမရှိပေ။ ကုမ္ပဏီ၏ လုပ်ဆောင်မှုများကို လေ့လာကြည့်သောအခါ ၎င်းတို့ မြန်မာနိုင်ငံတွင် ပိုင်ဆိုင်ထားသော လုပ်ငန်းများကို လွှဲပြောင်းရောင်းချခြင်းများအပေါ် စိစစ်ကြီးကြပ်ခြင်းများကို ရှောင်လွှဲနိုင်ရန် တိတ်တဆိတ် ထူထောင်ထားတဲ့ စီးပွားရေးလုပ်ငန်းများအဖြစ် လုပ်ဆောင်ခဲ့ကြကြောင်းတွေ့ရသည်။

၂၀၀၆ ခုနှစ်တွင် အိုင်ဗင်ဟိုးသတ္တုတူးဖော်ရေး ကုမ္ပဏီက မုံရွာစီမံကိန်းရှိ၎င်းတို့ရဲ့ ရှယ်ယာများကို ပြန်ထုတ်ရောင်းမည်ဟု ကြေညာခဲ့ပါသည်။ ထို့နောက် လွတ်လပ်သော တတိယအုပ်စု စီးပွားရေးလုပ်ငန်း ဆိုသော မုံရွာထရပ်စ်ကို တည်ထောင်ပြီး မုံရွာစီမံကိန်းရှိ အိုင်ဗင်ဟိုးပိုင်ဆိုင်မှုများကို မုံရွာလုပ်ငန်းစု(ထရပ်စ်)သို့ လွှဲပြောင်းပေးခဲ့သည်။ လုပ်ငန်းစု(ထရပ်စ်)၏ ရည်ရွယ်ချက်မှာ အိုင်ဗင်ဟိုး မြန်မာနိုင်ငံတွင်ပိုင်ဆိုင်သော

အရင်းအနှီးများကို အနာဂါတ်တွင် လွှဲပြောင်း ရောင်းချမှုကို ချောမွေ့စေရန်နှင့် ဤကဲ့သို့ရောင်းချမှုသည် မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်ခြင်းမရှိဖို့ ကြီးကြပ်လုပ်ဆောင်ရန် ဖြစ်သည်ဟု ဆိုပါသည်။ ဤ ထရပ်စ်အဖွဲ့ကို မည်သည့်ပြဌာန်းချက် ဥပဒေအရ ဖွဲ့စည်းခဲ့သည်ကို အိုင်ဗင်ဟိုးက ထုတ်ဖော်ပြောကြားခြင်း မရှိပေ။ သို့သော် ကုမ္ပဏီ၏ လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ရှာဖွေလေ့လာကြည့်ခဲ့ရာ မုံရွာထရပ်စ်ကို ဗြိတိသျှနိုင်ငံရပ်ခြား နယ်မြေ တစ်ခုဖြစ်သည့် ဗြိတိသျှဗားဂျင်းကျွန်းစုတွင် လျှို့ဝှက် ကုမ္ပဏီခွဲတစ်ခုအဖြစ် မှတ်ပုံတင်ထားသည်ဟု ယုံကြည်ရသည်။

အိုင်ဗင်ဟိုးသတ္တုကြွင်းကုမ္ပဏီက ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီကတည်းက ၎င်းတို့၏ မြန်မာဖက်စပ် (MICCL) နဲ့ မည်သည့် လုပ်ငန်းများမှလုပ်ဆောင်ခြင်း မရှိတော့ဘူးဟု ဆိုပါသည်။ သို့သော် ဝီကီလိခ်တွင် ဖွင့်ချခဲ့သော အမေရိကန်သံရုံး၏ကြေးနန်းစာများအရ အိုင်ဗင်ဟိုးကုမ္ပဏီသည် ၎င်းတို့၏ မြန်မာပြည်တွင်း ပိုင်ဆိုင်မှုများကို ရောင်းချရန် ဆွေးနွေးမှုများတွင် ၂၀၀၈ ခုနှစ် လုပ်ငန်းစုကုမ္ပဏီ(ထရပ်စ်) တည်ထောင်ပြီးချိန်အထိ ပါဝင်ပတ်သက်နေသေးကြောင်း တွေ့ရပါသည်။ ယင်းကြေးနန်းစာများအရ အရောင်းအဝယ် ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံတွင်းမှ နာမည်ကြီး ခရိုနီတစ်ဦးဖြစ်သော ဦးတေဇလည်း ပါဝင်ခဲ့သည်ဟု ဆိုပါသည်။ အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ နောက်ထပ် စုံစမ်းလေ့လာချက်အရ ထရပ်စ်ကုမ္ပဏီသည်လည်း လွတ်လပ်သောလုပ်ငန်းတစ်ခုမဟုတ်ပဲ ၎င်း၏လုပ်ငန်းများကို ကြီးကြပ်ရန်နောက်ထပ် ကုမ္ပဏီတစ်ခုကို အိုင်ဗင်ဟိုးက ဘာဘေးဒိုးစ်ကျွန်း နိုင်ငံတွင် မှတ်ပုံတင်ပြီး တည်ထောင်ခဲ့ကြောင်း တွေ့ရပါသည်။ အိုင်ဗင်ဟိုးက ခန့်အပ်ထားသော ဒါရိုက်တာတစ်ဦးက ၎င်း ထရပ်စ်ကို ကြီးကြပ်သော ကုမ္ပဏီ၏ ဘုတ်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ၂၀၇ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ယင်းပုဂ္ဂိုလ်သည် အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီ၏ ဒုတိယဥက္ကဌ၊ ကော်ပိုရေးရှင်းအတွင်းရေးမှူး နှင့် စည်းမျဉ်းလိုက်နာမှုနှင့် ကျင့်ဝတ်ဆိုင်ရာအရာရှိ အဖြစ်တာဝန်ယူခဲ့သည်ကို တွေ့ရသည်။ ဤအချက်များကို အိုင်ဗင်ဟိုးကုမ္ပဏီသည် အများသိစေရမည့် အချက်များအဖြစ် အမေရိကန်နှင့် ကနေဒါ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များထံ ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိပေ။

မြန်မာပြည်တွင်း ပိုင်ဆိုင်မှုများကို ရောင်းချရာမှ ငွေကြေးနှင့် စီးပွားရေးအရင်းအနှီးများကို ဦးတေဇကို ဖြစ်စေ၊ ဦးပိုင်ကို ဖြစ်စေ ရရှိသွားစေပါက ထရပ်စ်အဖွဲ့အနေနှင့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံအပေါ်ချမှတ်ထားသော စီးပွားရေးပိတ်ဆို့ အရေးယူမှုများကို အကောင်အထည်ဖော်ရသည့် ယူကေဥပဒေကို ချိုးဖောက်ရာ ရောက်ကောင်းရောက်နိုင်ပါသည်။ (ဗြိတိသျှဗားဂျင်းကျွန်းစုလည်း ဤဥပဒေအရ အကျိုးသက်ရောက်မှု ရှိသည်)။ အလားတူပင် အိုင်ဗင်ဟိုး သတ္တုကုမ္ပဏီသည်လည်း ၎င်း၏ ထရပ်စ်ကုမ္ပဏီကို ကြီးကြပ်ရသူ ဖြစ်သဖြင့် MICCL မှ ရှယ်ယာ ၅၀ ရာခိုင်နှုန်းကို ထုတ်ရောင်းရာတွင် ဦးပိုင်ကုမ္ပဏီနှင့် ဦးတေဇတို့ တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်ဖြစ်စေ အကျိုး အမြတ်ရရှိသွားစေနိုင်သည်ဟု သိခဲ့သောအချိန်က သို့တည်းမဟုတ် သိခဲ့သင့်လျက် လုပ်ဆောင်ခဲ့ခြင်း ဖြစ်ပါက ကနေဒါက မြန်မာနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကို ချိုးဖောက်ရာရောက်သည်ဟု ဆိုနိုင်ပါသည်။

အပြည်ပြည်ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က စုဆောင်းရရှိသမျှ အချက်အလက်များအရ အိုင်ဗင်ဟိုး သတ္တုကုမ္ပဏီသည် မြန်မာနှင့်ဖက်စပ် MICCL ကုမ္ပဏီမှ ရှယ်ယာများကို ရောင်းချရာတွင် အများပြည်သူတို့၏ စစ်ဆေးချက်များမှ ရှောင်လွှဲနိုင်ရန်နှင့် မြန်မာအပေါ် လတ်တလောနှင့် အနာဂါတ်တွင်ချမှတ်လာနိုင်သော စီးပွားရေးပိတ်ဆို့မှုများကို ရှောင်လွှဲနိုင်ရန် ထရပ်စ်အဖွဲ့ကိုတည်ထောင်၍ ၎င်းမှတဆင့် လုပ်ကိုင်ခဲ့သည်ကို တွေ့ရသည်။ အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီသည် ဥပဒေကြောင်းအရ ဟာကွက်ရှိနေသမျှကို အသုံးချပြီး MICCL မှ ရှယ်ယာ ၅၀ ရာခိုင်နှုန်းနှင့် အခြားမြန်မာနိုင်ငံရှိ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ရောင်းချမှုများကို ထရပ်စ်အဖွဲ့နှင့်တကွ လျှို့ဝှက်ထားပြီး လုပ်ငန်းများခွဲလျှက် လုပ်ဆောင်ခဲ့ကြောင်း တွေ့ရသည်။ ဝီကီလိခ်မှ ထုတ်ဖော်ဖွင့်ဟချက်များအရ အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီသည် MICCL တွင် ဆက်လက်ပါဝင်နေပြီး ၎င်း တို့၏ ပိုင်ဆိုင်မှုများ ရောင်းချဖို့ ဆွေးနွေးမှုများတွင် ဦးတေဇကို ပွဲစားအဖြစ်အသုံးပြုခဲ့သည်ဆိုသောအချက်အပါအဝင် အရေးပါသည့် စွပ်စွဲချက်များ ကိုလည်း မဖြေရှင်းပဲ နေခဲ့သည်။ ထရပ်စ်အဖွဲ့ကို တည်ထောင်ခဲ့ပြီး ခုနှစ်နှစ်ကျော်ကြာခဲ့သည်အထိ မုံရွာစီမံကိန်းကြောင့် နစ်နာခဲ့ရသူများသည် ဤစီမံကိန်းကို မည်သူက မည်သူ့ကို မည်ကဲ့သို့သော သဘောတူညီချက်များဖြင့် ရောင်းချလိုက်ကြောင်း သေသေချာချာမသိကြရပဲ လူ့အခွင့်အရေးချိုးဖောက်မှုများ၊

သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများနှင့် အခြားထိခိုက်နစ်နာမှုများအတွက် မည်သူက မည်သည့် အပိုင်းတွင် တာဝန်ရှိသည် ဆိုသည်ကိုလည်း မသိကြရပဲ ဖြစ်နေပါသည်။

ထို့အပြင် အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီနှင့် ၎င်း၏ ကုမ္ပဏီခွဲများက မြန်မာနိုင်ငံအပေါ်ပိတ်ဆို့အရေးယူမှုများကို ဖောက်ဖျက်ခဲ့သည့်လုပ်ရပ်မှာ စပါယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်း၏ ရှယ်ယာများ ပြန်လည် ရောင်းချ ခဲ့ခြင်း တစ်ခုတည်း မဟုတ်ပေ။ အိုင်ဗင်ဟိုးက ၂၀၀၆ ခု ဒီဇင်ဘာအထိ ၎င်း၏ မြန်မာနှင့်ဖက်စပ် MICCL သည် မုံရွာစီမံကိန်းမှ ထွက်ရှိသမျှ ကြေးနီအားလုံးကို ဂျပန်ကုမ္ပဏီ မာရူဘေနီ ကော်ပိုရေးရှင်းသို့ရောင်းချခဲ့သည်ဟု ဆိုပါသည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် ၂၀၀၃ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွက် MICCL ၏ လစဉ် ကြေးနီရောင်းဝယ်မှု အသေးစိတ်စာရင်း ရုံးတွင်းအစီရင်ခံစာ မိတ္တူနှစ်ခုကို ရရှိထားပါသည်။ ကြေးနီကို ရောင်းချပေးခဲ့သည့် ဌာနများစာရင်းတွင် မြန်မာလုံခြုံရေးတပ်ဖွဲ့များနှင့် ဌာနများ အများအပြား၏ အတိအကျအသေးစိတ်စာရင်း ပါဝင်နေသည်ကိုတွေ့ရပါသည်။ ၎င်းဌာနများထဲတွင် စစ်ထောက်လှမ်းရေးဌာနများ၊ ရဲအထူးသတင်းတပ်ဖွဲ့၊ တပ်မတော်က စီးပွားရေးအရ အကျိုးအမြတ်ရယူနေသော မြန်မာ့ကျောက်မျက်လုပ်ငန်းကဲ့သို့ အစိုးရဌာန အသီးသီးလည်း ပါဝင်သည်ကိုတွေ့ရသည်။ ထို့အပြင် ကြေးနီကို ဝယ်ယူသော အဖွဲ့များတွင် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့အမည်ကိုလည်းတွေ့ရသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့သည် ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေးလှုပ်ရှားမှုတွင် ငြိမ်းချမ်းစွာ ဆန္ဒပြနေသူများ၊ သံဃာတော်များနှင့် သီလရှင်များကို နှိပ်ကွပ်ရာတွင်လည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့ကို ထောက်ခံသူများကို တိုက်ခိုက်ရာတွင်လည်းကောင်း ပါဝင်ပတ်သက်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှု အတော်များများကို ကျူးလွန်ခဲ့သည်ဟု သံသယရှိခံနေရသည့် အဖွဲ့ ဖြစ်သည်။ အကယ်၍ ဝယ်ယူခဲ့သော ကြေးနီကို မြန်မာစစ်တပ်နှင့် အထက်တွင်ဖော်ပြခဲ့သော အဖွဲ့အစည်းများက စစ်ရေးအတွက်အသုံးပြုခဲ့လျှင် သို့မဟုတ် တားမြစ်ထားသော ကုန်ပစ္စည်းများကို ထုတ်လုပ်ရန်၊ ပြုပြင်ထိမ်းသိမ်းရန် အသုံးပြုခဲ့လျှင် ဥရောပသမဂ္ဂ၏ ပြဌာန်းချက်များကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။ ဤပြဌာန်းချက်များကို ယူကေအစိုးရ၏ ဥပဒေအရ ဗြိတိသျှဗားဂျင်းကျွန်းစု တွင်လည်း အကျုံးဝင်ပါသည်။ သို့ဖြစ်ရာ MICCL ၏ မိခင်ကုမ္ပဏီဖြစ်သော အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီ၏ ဗြိတိသျှဗားဂျင်းကျွန်းစုမှ ကုမ္ပဏီခွဲများသည် ယူကေဥပဒေကို ချိုးဖောက်ရာ ရောက်နိုင်ပါသည်။

ကနေဒါ၊ အမေရိကန် နှင့် ယူကေ အစိုးရတာဝန်ရှိသူများသည် အိုင်ဗင်ဟိုးကုမ္ပဏီ၏ မြန်မာဖက်စပ်လုပ်ငန်းဖြစ်သော MICCL မှ ၅၀ ရာခိုင်နှုန်းရှယ်ယာများ ထုတ်ရောင်းခဲ့သည့် လုပ်ငန်းစဉ်၊ အိုင်ဗင်ဟိုးက တခြားပိုင်ဆိုင်မှုများကို ရောင်းချခဲ့သည့် လုပ်ငန်းစဉ်များအားလုံးတွင် ပိတ်ဆို့အရေးယူမှုကို ဖြစ်စေ၊ အခြား ကန့်သတ်ချက်စည်းကမ်းများကို ဖြစ်စေ ကုမ္ပဏီက(သို့မဟုတ်) ကုမ္ပဏီကတည်ထောင်ထားသော ထရပ်စ်အဖွဲ့က၊ သို့မဟုတ် ကုမ္ပဏီ၏ ဒါရိုက်တာများက ချိုးဖောက်ခဲ့ခြင်းရှိမရှိ စုံစမ်းစစ်ဆေးသင့်ပါသည်။ အမေရိကန်နှင့် ကနေဒါအာဏာပိုင်များက အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီသည် ၎င်း၏ အများသိအောင်ထုတ်ပြန်ချက်များတွင် အချက်အလက်များကို ထိမ်ချန်ထားခဲ့ခြင်း ကိစ္စကိုလည်း စုံစမ်းစစ်ဆေးသင့်ပါသည်။

## အခွင့်အရေးချိုးဖောက်မှုများတွင် ကုမ္ပဏီများ၏ ပါဝင်ပတ်သက်မှု

မုံရွာကြေးနီစီမံကိန်းတွင် နှစ်ပေါင်းများစွာ ဖြစ်ပေါ်ခဲ့သော ဆိုးဝါးသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် မြန်မာအစိုးရတွင် တာဝန်ရှိပါသည်။ အစိုးရကိုယ်တိုင်က ဒေသခံများကို အတင်းအဓမ္မနှင်ထုတ်ခဲ့ပြီး သတ္တုတွင်းကြောင့် ထိခိုက်ခံရသော ဒေသခံများ အတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများမှအကာအကွယ် ပေးရန်လိုအပ်သော အစီအမံများလည်း ပြုလုပ်မပေးခဲ့သဖြင့် ကျန်းမာရေးနှင့်ရေသန့်ရရှိရေး အပါအဝင် အခြေခံ အခွင့်အရေးများဆုံးရှုံးခဲ့ရသည်။ အစိုးရသည် စီမံကိန်းလုပ်ဆောင်နေသော ကုမ္ပဏီများကို စောင့်ကြပ်ကြီးကြပ်ခြင်း၊ ၎င်းတို့က ဒေသခံများ၏ အခွင့်အရေးချိုးဖောက်မှုများကို တာဝန်ခံစေခြင်းများ ပြုလုပ်ရန်လည်း စိတ်မထက်သန်ခဲ့ပေ၊ ထိုအချက်ကို ပို၍ဆိုးစေခဲ့သည်မှာ စီမံကိန်းတွင် မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် ပါဝင်နေခြင်း ဖြစ်သည်။

စီမံကိန်းတွင် ပါဝင်နေသော ကုမ္ပဏီများမှာလည်း တာဝန်ရှိပါသည်။ ဤ သတ္တုတွင်းနှင့် ဆက်စပ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများ အစဉ်အဆက် ရှိခဲ့သော်လည်း ကနေဒါကုမ္ပဏီတစ်ခုနှင့် ယင်းနောက် သူ့ကို ဆက်ခံသော တရုတ်ကုမ္ပဏီတို့သည် ၎င်းတို့နှင့်ဖက်စပ်လုပ်မည့် စီးပွားဖက်နှင့် ပတ်သက်၍ သင့်လျော်သောသတိထား စိစစ်ခြင်းများ မလုပ်ပဲ ရင်းနှီးမြှုပ်နှံခဲ့သည်။ ယခင်က ကျူးလွန်ခဲ့သော အခွင့်အရေးချိုးဖောက်မှုများကို ပြန်လည်ကုစား ပြေလည်စေခြင်း၊ အနာဂါတ်တွင် ယင်းကဲ့သို့ ချိုးဖောက်မှုများ မဖြစ်စေရန် ကာကွယ်တားဆီးခြင်းမျိုးလည်း မလုပ်ခဲ့ပေ။ ကုမ္ပဏီများသည် ဤသို့ အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ခဲ့သည်၊ သို့မဟုတ် ဖြစ်နေဆဲဆိုသည်ကို ၎င်းတို့ကိုယ်တိုင် သိလျက် သို့မဟုတ် သိသင့်ခဲ့လျက် ယင်းချိုးဖောက်မှုများမှ ရရှိသော အကျိုးအမြတ်များကိုခံစားခဲ့သည်။ တချို့ကိစ္စများတွင် ကုမ္ပဏီများကိုယ်တိုင်က (ဒေသခံများကို) အဓမ္မဖယ်ရှားခြင်းများ၊ သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများအတွက် ကုစားပေးခြင်းများ မလုပ်ပဲ ၎င်းတို့ကိုယ်တိုင် အခွင့်အရေးချိုးဖောက်ခဲ့သည်များလည်း ရှိခဲ့သည်။

ကနေဒါကုမ္ပဏီတစ်ခုက ၎င်းတို့၏ စီးပွားရေးလုပ်ကွက်များကို မြန်မာစစ်တပ်၏ အကျိုးစီးပွားပါဝင်နေသော ဖက်စပ်လုပ်ငန်းတစ်ခုကို လွှဲပြောင်းရောင်းချခဲ့ခြင်း၊ ယင်းသို့ ရောင်းချခြင်းမှာလည်း မြင်သာထင်သာ မရှိပဲ လုပ်ခဲ့ခြင်းများက မြန်မာနိုင်ငံအတွင်း တွင်းထွက်သယံဇာတတူးဖော်ရေး လုပ်ငန်းများတွင် ခံစားခွင့်များ လုပ်ပိုင်ခွင့်များကို အများသူငါ သိရှိပိုင်ခွင့်မရှိပဲ ပေးအပ်နေခြင်း ရယူနေခြင်းများကို သိသာထင်ရှားစွာပြနေပါသည်။

စည်းမျဉ်းစည်းကမ်းများက အားနည်း၊ အစိုးရက ၎င်းနှင့်ဆက်စပ်နေသော၊ သို့မဟုတ် နိုင်ငံရေးသြဇာအားကြီးသူများနှင့် ဆက်စပ်နေသော အကျိုးစီးပွားများကို ချုပ်ကိုင်မှုမပြုလုပ်ဘဲဖြစ်နေပြီး စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပေးခြင်းနှင့် ပတ်သက်၍ ပွင့်လင်း မြင်သာမှု မရှိသော အခြေအနေများတွင် စီးပွားရေးအကျိုးစီးပွားကြီးကို အင်အားကောင်း စီးပွားရေး စိတ်ဝင်စားသူများ ပေါ်လာပြီး ကမ္ဘာ့ဒေသအများအပြားတွင် ကြုံတွေ့ခဲ့ရသော သယံဇာတကြိမ်စာ သင့်မှုမျိုး မြန်မာနိုင်ငံသားများ မကြုံရသင့်ပါ။ နိုင်ငံခြားမှ လာရောက် ရင်းနှီးမြှုပ်နှံသည့် နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများ အနေနှင့်လည်း မြန်မာနိုင်ငံမှ ဆင်းရဲသားပြည်သူများကို ခေါင်းပုံဖြတ်လျှက် မတရားသဖြင့် ကြွယ်ဝချမ်းသာမှုမျိုး ရှာကြံခြင်းမပြုရန် ၎င်းတို့ သက်ဆိုင်ရာ နိုင်ငံ အစိုးရများက ဂရုစိုက်ဆောင်ရွက်ရပါမည်။ မုံရွာကြေးနီစီမံကိန်းတွင်မှု ကုမ္ပဏီများ၏ သက်ဆိုင်ရာ နိုင်ငံများဖြစ်သော ကနေဒါနှင့် တရုတ်တို့က ၎င်းတာဝန်ကို ပျက်ကွက်ခဲ့ကြောင်းတွေ့ရပါသည်။

## နိဂုံး နှင့် အကြံပြုချက်များ

လက်ပန်းတောင်းစီမံကိန်း စတင်ပြီးချိန်မှစ၍ အစိုးရသည် မြေယာဥပဒေ ပြုပြင်ပြောင်းလဲရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်ရေးများကို ဆောင်ရွက်လာခဲ့သည်။ ဤပြုပြင်ပြောင်းလဲရေးများမှာ တိုးတက်သော လုပ်ရပ်များ ဖြစ်သော်လည်း လုံလောက်မှု မရှိပေ။ ပြည်သူအများသည် စီးပွားရေးလုပ်ငန်းများအတွက် မြေယာသိမ်းယူခြင်းနှင့် အခြားအကြောင်းရပ်များအတွက် မြေယာသိမ်းယူခြင်းများကြောင့် အဓမ္မနှင်ထုတ်ခံရခြင်း အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများမှ အကာအကွယ် မရကြပေ။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ လုံလောက်သော စံနှုန်းများမရှိသကဲ့သို့ တွင်းထွက်များထုတ်ယူသုံးစွဲခြင်း အပါအဝင် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်သော လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်နိုင်သော နည်းပညာစွမ်းရည်လည်း မရှိသေးပေ။ ထို့ကြောင့် ကုမ္ပဏီများက ၎င်းတို့၏ စီမံကိန်းများကို ၎င်းတို့လုပ်ချင်သလိုသာ လုပ်ကိုင်နေသည်ကို တွေ့ရသည်။ ဤဖြစ်စဉ်မှာ ပြည်သူလူထုအပေါ် ကုမ္ပဏီများက လူ့ခွင့်အရေးချိုးဖောက်ခွင့်ရနေသလို ၎င်းတို့၏ အခွင့်အရေးဆုံးရှုံးမှုများအတွက် လူထုက ကုမ္ပဏီများအပေါ် တာဝန်ခံခိုင်းခွင့်၊ ဆုံးရှုံးနစ်နာမှုများ အတွက် ခံစားရပိုင်ခွင့်များ တောင်းဆိုခွင့်များ မရှိဖြစ်နေသည်ကို တွေ့ရရှိရပါသည်။

မုံရွာစီမံကိန်းသည် အစိုးရအတွက် သတိပေးလိုက်သော ဖြစ်စဉ်ဖြစ်သည်။ နောက်ထပ်လူထု၏ အခွင့်အရေးဆုံးရှုံးမှုများ မဖြစ်စေရန်နှင့် ဆုံးရှုံးရပြီးသော လူ့အခွင့်အရေးများအတွက် ထိရောက်သော

ဖြေရှင်းပေးမှုများကို အစိုးရမှ လုပ်ဆောင်ပေးသင့်သည်။ အစိုးရအနေနှင့် အခြားစီမံကိန်းကြီးများကို လုပ်ကိုင်ရန် ခွင့်ပြုချက်မချပေးမီ မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်၍ တိကျလုံလောက်သောလုပ်ငန်းစဉ်များ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေး လုပ်ငန်းများ၊ ဆန္ဒပြမှုများကို ရဲဖက်ကထိန်းသိမ်းကာကွယ်မည့် လုပ်ငန်း အစီအစဉ်များကို သတ်မှတ်ပေးထားရမည်။ ကုမ္ပဏီများ၏ လုပ်ငန်းများကို စောင့်ကြည့် ကြီးကြပ်ပြီး ချိုးဖောက်မှုများအတွက် လူထုရပိုင်ခွင့်များကို ရယူပေးခြင်း၊ အစိုးရအရာရှိများ ကိုယ်တိုင်အား စုံစမ်းစစ်ဆေး အရေးယူခြင်းများကိုလည်း လုပ်ဆောင်လိုသော ဆန္ဒရှိရမည်။ ကုမ္ပဏီများကို ၎င်းတို့၏လုပ်ငန်းများကို ၎င်းတို့ဖာသာဆုံးဖြတ်လုပ်ကိုင်စေခြင်းမှာ အဖြေမဟုတ်ကြောင်း မုံရွာစီမံကိန်းက ရှင်းရှင်းကြီး ပြလိုက်ပြီ ဖြစ်သည်။

မြန်မာအစိုးရသည် တိုးတက်သော ခြေလှမ်းများ လှမ်းခဲ့ပြီ ဖြစ်ပြီး အစိုးရအဖွဲ့အတွင်းတွင်လည်း ပြုပြင်ပြောင်းလဲရေးကို အမှန်တကယ်ရှေ့သို့တိုး လုပ်ဆောင်လိုသူများ ရှိနေပါသည်။ သို့ရာတွင် ရင်းနီးမြှုပ်နှံမှုများမှ တိုင်းပြည်တွင်းရှိ ဆင်းရဲသားပြည်သူလူထုကြီး၏ ဘဝများအမှန်တကယ် တိုက်ရိုက်အကျိုးရှိ တိုးတက်စေရန်ဆိုလျှင်မူ လုပ်ဆောင်စရာများ အများကြီး ကျန်ရှိနေပါသေးသည်။ အစိုးရက ပြည်သူများ၏ လူ့အခွင့်အရေးများကို အကာအကွယ်ပေးခြင်း၊ ချိုးဖောက်သူများကို အရေးယူခြင်းများလုပ်ဆောင်လိုသည့် ဆန္ဒမရှိလျှင် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်မလာနိုင်ပါ။

မြန်မာနိုင်ငံတွင် သွားရောက်ရင်းနီးမြှုပ်နှံကြမည့် စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများရှိရာ သက်ဆိုင်ရာနိုင်ငံများမှ အစိုးရများအနေနှင့်လည်း ယင်းကုမ္ပဏီများတို့ မဖြစ်မနေလိုက်နာရမည့် စည်းကမ်းများကို သတိပြုမည့်ရန် ဆောင်ရွက်ပေးရပါမည်။ မြန်မာနိုင်ငံတွင် ဆက်လက်ဆိုးဝါးနေသေးသည့် လူ့အခွင့်အရေးအခြေအနေများနှင့် နိုင်ငံတွင်း ပြည့်စုံလုံလောက်မှုမရှိသေးသည့် လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုများကြောင့် စီးပွားရေးကုမ္ပဏီများအနေနှင့် ၎င်းတို့၏ လုပ်ငန်းများတွင် လူ့အခွင့်အရေးအပိုင်းကို ပိုပြီး ဂရုထားလုပ်ဆောင်ရန် လိုအပ်နေပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အသေးစိတ်တွေ့ရှိချက်များကို ***စီးပွားရေးတံခါးဖွင့်ထားသလား၊ မြန်မာကြေးနီစီမံကိန်းတွင် စီးပွားရေးလုပ်ငန်းကြီးများ ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ*** အစီရင်ခံစာတွင် တင်ပြထားပါသည် Index: ASA 16/003/2015။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ တွေ့ရှိချက်များအပေါ် ကုမ္ပဏီများ၏ ပြန်ကြားချက်များအပါအဝင် အစီရင်ခံစာကို ဤနေရာတွင်ရယူနိုင်ပါသည်။
www.amnesty.org/en/library/info/ASA16/003/2015

## မြန်မာအစိုးရ သို့ အကြံပြုချက်များ

- လက်ပံတောင်းမိုင်း ဆောက်လုပ်ရေးကို ချက်ချင်းရပ်ဆိုင်းပြီး စီမံကိန်းကို လည်း သဘာဝပတ်ဝန်းကျင်နှင့် လူ့အခွင့်အရေးဆိုင်ရာ စိုးရိမ်စရာကိစ္စရပ်များကို ထိခိုက်ခံစားရသော သူအားလုံးနှင့်စစ်မှန်သော တိုင်ပင်ဆွေးနွေးမှု ပုံစံဖြင့် ဖြေရှင်းပြီးသည် အထိဆိုင်းငံ့ထားရန်။

- အဓမ္မရွှေ့ပြောင်းခိုင်းမှုများ အဆုံးသတ်ရန် နှင့် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ လိုအပ်သော အဆင့်အလိုက် ကာကွယ်စောင့်ရှောက်မှု များကို နေရာတကျ မဆောင်ရွက်နိုင်သေးသရွေ့ နေရာဖယ်ရှားခိုင်းမှုများ ကို မဆောင်ရွက်ကြောင်း အာမခံရန်။

- မြန်မာစီးပွားရေးဦးပိုင် က မိုးကြိုးဆာလ်ဖြူရစ် အက်ဆစ် စက်ရုံကို လူအများနေထိုင်သော နေရာမှ အနည်းဆုံး ဘေးကင်းလုံခြုံသော အကွာအဝေးသို့ အရေးတကြီး ရွှေ့ပြောင်း ရန် လိုအပ်သည်။

ရွှေ့ပြောင်းစဉ် နှင့်ရွှေ့ပြောင်းပြီး ချိန်တွင်လည်း ဘေးကင်းလုံခြုံစိတ်ချရေး ကာကွယ်မှုအားလုံးကိုကြိုတင် ထုတ်ဖော်သင့်သည်။ ကြားကာလတွင် ကြိုတင်ကာကွယ်မှုအဖြစ် စက်ရုံများ လည်ပတ်မှု ကိုရပ်တံ့ရန်။

- မြန်မာဝမ်ပေါင် နှင့် ၎င်း၏ ဖက်စပ်လုပ်ကိုင်နေသူများအားလုံး အနေဖြင့် လက်ပံတောင်း သဘာဝပတ်ဝန်းကျင် နှင့် လူမှုဘဝ သက်ရောက်မှု အကဲဖြတ်ချက် (ESIA) ၏ ချို့ယွင်းချက်များကို ထိခိုက်နစ်နာသော သူများအားလုံးနှင့် ညှိနှိုင်းတိုင်ပင်ရာတွင် ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည်။

- မြန်မာယန်စီအနေဖြင့်စပါယ်တောင်နဲ့ကြေးစင်တောင် မိုင်းလုပ်ငန်းခွင်တွင် တည်ရှိနေသော ညစ်ညမ်းမှုအား အပြည့်အဝအကဲဖြတ်ပြီး ညစ်ညမ်းမှုများသန့်စင်သွားအောင် ဆောင်ရွက်ရန်။ ထိုလုပ်ငန်းစဉ်သည် ပွင့်လင်းပြီး လွတ်လပ်သည့်စောင့်ကြပ်ကြည့်ရှုမှု ရှိရမည်ဖြစ်ပြီး ဖြစ်နိုင်သမျှ အလျင်မြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်ရမည်။ လက်ပံတောင်မိုင်းကို ရှေ့ဆက်မလုပ်ဆောင်မီ စပါယ်တောင်နှင့်ကြေးစင်တောင် မိုင်းကြောင့်ဖြစ်ပေါ်ခဲ့သော ဆိုးကျိုးများကိုအရင်ဆုံး ကိုင်တွယ်ဖြေရှင်းရန်လိုအပ်သည်။

- စပါယ်တောင်နဲ့ကြေးစင်တောင် မိုင်းလုပ်ငန်းခွင် အပြင်ဘက်ရှိ ညစ်ညမ်းမှုအားလုံးကို သန့်ရှင်းအောင် ဆောင်ရွက် ပေးရန်။

- ၂၀၁၂ နိုဝင်ဘာ ၂၉ တွင် ငြိမ်းချမ်းစွာ ဆန္ဒပြသူများအား မီးလောင်စေတတ်သော မီးစုန်းအဖြူရောင်ဖော့စဖိတ် လက်နက်ခဲယမ်းမီးကျောက် များအသုံးပြုခဲ့ရာတွင် ပါဝင်ပတ် သက်ခဲ့ကြသည့် မည်သည့် အရာရှိများကိုမဆို စုံစမ်းစစ်ဆေးပြီး နိုင်ငံတကာ စံချိန်စံနှုန်း နှင့် အညီ မျှတစွာတရားစွဲဆို အပစ်ပေးရန်။

- နိုင်ငံတော်ဥပဒေကို ချိုးဖောက်ပြီး ဆာလဖြူရစ်အက်စစ်စက်ရုံ တည်ထောင်လည်ပတ်ခဲ့သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်ကို စုံစမ်းစစ်ဆေးပြီး အရေးယူရန်။

- ထိခိုက်နစ်နာခဲ့သူများ အားလုံးအတွက် ထိရောက်သော ကုစားဖြေရှင်းချက်မျိုး ရရှိအောင် လုပ်ပေးရန်၊ နေအိမ်နှင့် လယ်ယာမြေများပျက်စီး ဆုံးရှုံးရသူများ၊ ရဲများ၏ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရခဲ့သူများအား လျော်ကြေးပေးရန်၊ ဆေးကုသမှုခံယူရန်လိုအပ်သူများအား ကုသပေးရန်၊ သဘာဝဝန်းကျင်ညစ်ညမ်းမှုများ အား သန့်စင်အောင် ပြန်လုပ်ပေးရန်နှင့် သင့်လျော်ပြည့်စုံသော ပြန်လည်နေရာချထားမှုများ ပြုလုပ်ပေးရန်။

- ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ကန့်ကွက် ဆန္ဒပြခြင်း များတွင် ပါဝင်သည်၊ စည်းရုံးလှုပ်ရှားသည်ဆိုသော စွဲချက်များနှင့် ရင်ဆိုင်နေသူများအားလုံးအား စွဲဆိုထားချက်များကို ချက်ခြင်းရုပ်သိမ်းပေးပြီး၊ ၎င်းတို့၏ လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ ကျင့်သုံးခဲ့ရုံဖြင့် ဖမ်းဆီးအရေးယူခံထားရသူများ အားလုံးကိုလည်း ချက်ခြင်းလွှတ်ပေးရန်။

- သယံဇာတတူးဖော်ထုတ်လုပ်ရေး လုပ်ငန်း၊ ကုန်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများကြောင့် ရေ၊ လေ၊ မြေကြီး ညစ်ညမ်းမှု ဘေးအန္တရာယ်များမှ လူထုကို အကာအကွယ်ပေးနိုင်ရန် ခိုင်မာသော သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရေးလုပ်ငန်းစဉ်များကို အမြန်တိုးမြှင့်ပြုလုပ်ရန်၊ လူများကို အဓမ္မ ဖယ်ရှားစေခြင်းကို တားမြစ်သော ဥပဒေများကို အမြန်ဆုံး ပြဌာန်း အကောင်အထည်ဖော်ရန်။

## ကုမ္ပဏီများသို့ အကြံပြုချက်များ

- လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိုးရိမ်စရာ အခြေအနေများကို ဖြေရှင်းပြီးချိန်အထိ လက်ပံတောင်းကြေးနီစီမံကိန်းရှိ တိုးချဲ့ရေးနှင့်ဆောက်လုပ်ရေး လုပ်ငန်းများအား ရပ်ဆိုင်းထားမည့်အကြောင်း ဝမ်ပေါင်သတ္တုကုမ္ပဏီနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့က တရားဝင်ထုတ်ဖော်ကြေငြာရန်။

- ဦးပိုင်သည် ၎င်းတို့၏ မိုးကြိုးဆာလ်ဖြူရစ်အက်စစ်စက်ရုံကို ချက်ခြင်းနေရာရွှေ့ပြီး စက်ရုံလုပ်ငန်းများကြောင့် ထိခိုက်မှုများကို အပြည့်အစုံထုတ်ပြန်ကြေညာပြီး ပြုပြင် ကုစားခြင်းများ လုပ်ဆောင်ရန်။

- မြန်မာယန်စီ ကုမ္ပဏီသည် စပါယ်တောင်နှင့် ကြေးစင်တောင်စီမံကိန်းဒေသတွင် လက်ရှိဖြစ်နေသော ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို လေ့လာအကဲဖြတ်၍ သန့်စင်သွားအောင် ဆောင်ရွက်ပေးရန်။

- ဝမ်ပေါင်သတ္တုကုမ္ပဏီနှင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်တို့သည် လက်ပံတောင်းကြေးနီစီမံကိန်းကြောင့် နေရပ်မှ အဓမ္မဖယ်ရှားခံရသူ ရွာသားများအား လုံလောက်သော ခံစားခွင့်နှင့် လျော်ကြေးများရရှိအောင် ဆောင်ရွက်ပေးရန်။

- အိုင်ဗင်ဟိုး သတ္တုကုမ္ပဏီ (Turquoise Hill Resources) သည် စပါယ်တောင်နှင့် ကြေးစင်တောင် သတ္တုတွင်းမှ ပတ်ဝန်းကျင်ညစ်ညမ်းစေခဲ့မှုများ၊ MICCL က တာဝန်ယူလုပ်ဆောင်ခဲ့သည့် သန့်ရှင်းရေး လုပ်ငန်းများ အကြောင်း အချက်အလက်အပြည့်အစုံကို ထုတ်ပြန်ရန်၊ ကုမ္ပဏီသည် ၎င်း ဖက်စပ်လုပ်ကိုင်ခဲ့သည့်လုပ်ငန်းကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများနှင့် လူအများ အဓမ္မနေရာရွှေ့ပြောင်းခံရမှုများအတွက် နစ်နာသူများကို လျော်ကြေးပေးဆောင်ရန် တာဝန်ရှိပါသည်။ ထိုကဲ့သို့ လျော်ကြေးပေးရန် ငွေများကို သီးခြားစုဆောင်းထားပြီး နစ်နာသူများ လက်ဝယ် ရနိုင်ရန်အတွက် မြန်မာအစိုးရနှင့် ဆက်သွယ်ဆောင်ရွက်ရန်။

- အိုင်ဗင်ဟိုး သတ္တုကုမ္ပဏီ (Turquoise Hill Resources) က ထရပ်စ်အဖွဲ့ကို ရောင်းချခြင်း အပါအဝင် မြန်မာနိုင်ငံမှ ၎င်းတို့ ပိုင်ဆိုင်သော ရင်းနှီးမြုပ်နှံမှုများအား လွှဲပြောင်းရောင်းချခြင်းများ အားလုံးကို မချွင်းမချန်ထုတ်ပြန်ကြေညာရန်။

- ကုလသမဂ္ဂ၏ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လိုက်နာရမည့် လမ်းညွှန်ချက်များအတိုင်း ကုမ္ပဏီများအားလုံးသည် လူ့အခွင့်အရေးချိုးဖောက်မှုများ မရှိစေရန် စောင့်ကြည့် လေ့လာသည့်စနစ်များ ထားရှိကျင့်သုံးသွားရန်။

## အခြားအစိုးရများသို့ အကြံပြုချက်များ

- ကနေဒါနှင့် တရုတ်အစိုးရများသည် Turquoise Hill Resources နှင့် ဝမ်ပေါင်သတ္တုတွင်း ကုမ္ပဏီတို့နှင့်ချက်ခြင်း ဆွေးနွေး၍ အထက်တွင်ဖော်ပြခဲ့သော အကြံပြုချက်များကို လိုက်နာ ဆောင်ရွက်စေရန်။

- ယူကေ၊ ကနေဒါနှင့် အမေရိကန်အစိုးရများသည် အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီက မြန်မာနိုင်ငံမှ ၎င်းတို့ပိုင်ဆိုင်မှုများကို ထရပ်စ်ကုမ္ပဏီသို့ လွှဲပြောင်းရောင်းချခြင်း၊ ၎င်းနောက် အခြားပိုင်ဆိုင်သူများကို အဆင့်ဆင့်ရောင်းချခြင်းများတွင် ပါဝင်ပတ်သက်မှုရှိခဲ့သော အိုင်ဗင်ဟိုးသတ္တုကုမ္ပဏီ၊ သို့မဟုတ် ယူကေ၊ ကနေဒါနှင့် အမေရိကန်နိုင်ငံသားများသည် (မြန်မာနိုင်ငံအပေါ်) ပိတ်ဆို့အရေးယူမှု စည်းမျဉ်းများနှင့် အခြားသောစည်းမျဉ်းများကို ချိုးဖောက် ခဲ့ခြင်းရှိမရှိ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန်။

- အစိုးရတိုင်းသည် မိမိနိုင်ငံတွင် လာရောက်အခြေချသော၊ သို့မဟုတ် မိမိနိုင်ငံတွင် ရုံးချုပ် ဌာနချုပ်လာရောက် ဖွင့်လှစ်ထားသော ကုမ္ပဏီတိုင်းကို ၎င်းတို့ တကမ္ဘာလုံးတွင် လုပ်ကိုင်နေသော လုပ်ငန်းများတွင် လူ့အခွင့်အရေး ဆိုင်ရာသတိထား စောင့်ကြည့်သော အလေ့အထများ ရှိလာ စေရန် အတွက် စည်းမျဉ်းများ ချမှတ်နိုင်ရေး ဥပဒေရေးရာ အရဖြစ်စေ၊ မူဝါဒရေးရာအရ ဖြစ်စေ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန်၊ ဤပြုပြင်ပြောင်းလဲမှုများတွင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုတိုင်း အတွက် ပို၍ သတိထားစောင့်ကြည့်သည့် စနစ်များမဖြစ်မနေ လုပ်ဆောင်ရမည်ဆိုသည့် အချက်ကို ထည့်သွင်းရန်။

Index: ASA 16/004/2015

amnesty.org